မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၂၁၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

၂၀၁၃ ခုနှစ်၊ မေ ၅ ရက်၊ တနင်္ဂနွေနေ့။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၄-၅-၂၀၁၃

မိုးကုတ်မြို့	၁ ဒသမ ၃၄ လက်မ
မော်လိုက်မြို့	၁ ဒသမ ၃၄ လက်မ
တမူးမြို့	၁ ဒသမ ၃၀ လက်မ
ဟုမ္မလင်းမြို့	၁ ဒသမ ၀၆ လက်မ
ဗန်းမော်မြို့	၀ ဒသမ ၉၆ လက်မ
နောင်ချိုမြို့	၀ ဒသမ ၉၁ လက်မ

စိန်တစ်လုံးသရက်နှင့် နဂါးမောက်သီးတို့ကို နိုင်ငံတကာဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးကြိုးပမ်း

နေပြည်တော် မေ ၄

နေပြည်တော်ကောင်စီနယ်မြေ ချိုင်းကျေးရွာအနီး ခတုကင်းလွတ် စိုက်ပျိုးထားသော စိန်တစ်လုံးသရက် သုတေသနစိုက်ခင်းများနှင့် နဂါးမောက်သီးစိုက်ခင်းများသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အမေရိကန်နိုင်ငံ Syngenta ကုမ္ပဏီမှ Asia Pacific Regional Director Mr. Andrew Guthrie၊ ဘယ်လ်ဂျီယံနိုင်ငံ DEVGEN ကုမ္ပဏီမှ CEO- Mr. Thierry Bogoert၊ ပညာရှင်များနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စိန်တစ်လုံးသရက်နှင့်နဂါးမောက်သီးများအား တန်ဖိုးမြင့်ထုတ်လုပ်ရန် သီးနှံအရည်အသွေးမြှင့်တင်သည့် ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ယာသုံး စက်ကိရိယာဂိုဒေါင်၌ လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများစနစ်တကျထားရှိမှု၊ ထွန်စက်များ၊ မိနီဘက်ဟိုး (မြေတူးစက်ငယ်)များနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ပုလဲသွယ်သက်တမ်းတိုရက် ၁၀၀ စပ်မျိုးစပါး မိဘလိုင်းအဖိုလိုင်းနှင့်အမလိုင်းများ၏ ဝတ်မှုန်ကူးပွဲတော် ကျင်းပနေမှုကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာဈေးကွက်ဝင် အရသာကောင်း၊ အရည်အသွေးကောင်း၊ အာဟာရတန်ဖိုးကြွယ်ဝသည့် စိန်တစ်လုံးသရက်နှင့် နဂါးမောက်သီးတို့ကို နိုင်ငံတကာအဆင့်မီ အစားအသောက် ဘေးကင်းလုံခြုံစိတ်ချရမှု စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ခေတ်မီစက်များဖြင့် သန့်စင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထုပ်ပိုးခြင်းများကို

စာမျက်နှာ ၈ ကော်လံ ၅ ❋

ဧရာဝတီတံတား (မလွန်)ရာနှုန်းပြည့် တည်ဆောက်ပြီးစီး မကြာမီဖွင့်လှစ်မည်

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်

လမ်းနှင့် တံတားများသည် နိုင်ငံတော်၏ စီးပွားရေးအခြေခံ အဆောက်အအုံများ ဖြစ်သကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများအတွက် တစ်ဦးနှင့်တစ်ဦး လွယ်ကူစွာ ကူးလူးဆက်သွယ်နိုင်မည့် လူမှုရေး၊ စီးပွားရေးအဆောက်အအုံများလည်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီးများ ဖြစ်ကြသော ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသည့် မြစ်ကြီးများပေါ်တွင် တံတားကြီးပေါင်း မြောက်မြားစွာကို အထူးစီမံကိန်းကြီးအဖွဲ့များအား တာဝန်ပေး၍ တည်ဆောက်လျက်ရှိရာတွင် ဧရာဝတီတံတား(မလွန်)သည်လည်း တစ်စင်းအပါအဝင် ဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းများအဖွဲ့(၄)က တာဝန်ယူတည်ဆောက်ခဲ့သော ဧရာဝတီတံတား(မလွန်)သည် ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ယခုမေလဒုတိယပတ်အတွင်း၌ ဖွင့်လှစ်တော့မည် ဖြစ်သည်။

ဧရာဝတီတံတား(မလွန်)သည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရွာသစ်ကျေးရွာ စစ်ကိုးပင်အနီး မိကျောင်းရဲ-ပဌနဂိုရ်ကားလမ်း မိုင်တိုင်အမှတ် ၁၁/၄ နှင့်၁၁/၅ ကြားတွင်တည်ရှိပြီး တံတားတည်ဆောက်ရေး စီမံကိန်းကို အထူးစီမံကိန်းကြီးများအကောင်အထည်ဖော်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ (၂၂-၁၁-၂၀၀၉)ရက်နေ့တွင် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပပြီး လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပင်မတံတားအရှည်မှာ ၂၃၁၅ ပေရှည်လျားပြီး ကားလမ်း နှစ်လမ်းမောင်းနှင့် ရထားလမ်းတစ်လမ်း ယှဉ်တွဲပါဝင်သည်။ ချဉ်းကပ်ကားလမ်းမှာ မိကျောင်းရဲဘက်ကမ်း၌ ၁၃၁၂ ပေ၊ မလွန်ဘက်ကမ်း၌ ၁၃၁၂ပေနှင့် ချဉ်းကပ်တံတား (ရထားလမ်း)မှာ

စာမျက်နှာ ၇ ကော်လံ ၁ ❁

ယနေ့မာတိကာ

အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံ တန်ဖိုးရှိ နျူကလီးယား ဓာတ်အားစက်ရုံဆောက်ရန် တူရကီနှင့်ဂျပန်တို့ သဘောတူစာချုပ်
စာမျက်နှာ-၄

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် တရုတ်ရဲ့သံခင်းတမန်ခင်း
စာမျက်နှာ-၅

ရင်ခုန်စွာ စောင့်ကြည့်ရမယ့် စီးရီးအေပွဲစဉ် (၃၅)
စာမျက်နှာ-၁၂

ရန်ကုန်-မြဝတီ ရာဇာမင်း ခရီးသည်တင်ယာဉ် တိမ်းမှောက်
စာမျက်နှာ-၁၃

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများလိုက်နာရမည့်တင်ဒါစည်းကမ်းချက်များထုတ်ပြန်
စာမျက်နှာ-၈၊ ၉

မိဘိုင်းဖုန်းနှင့် သတိပြုစရာ ကျန်းမာရေးပြဿနာများ
စာမျက်နှာ-၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်

ကမ္ဘာပေါ်တွင် သိပ္ပံပညာ၊ စက်မှုပညာ၊ နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ကမ္ဘာ့သယံဇာတအရင်းအမြစ်တို့ကို ထုတ်ယူသုံးစွဲလာခဲ့ကြရာ ကမ္ဘာကြီးသည် တဖြည်းဖြည်း အရည်အသွေးလျော့လာရသည်။ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှုနှင့်အတူ ရာသီဥတုဖောက်ပြန်မှုများကို ရင်ဆိုင်လာကြရသည်။

ရာသီဥတုဖောက်ပြန်မှုများကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခြင်း၊ ဆီးနှင်းထုထပ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ သောက်သုံးရေရှားပါးခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို ကမ္ဘာ့နိုင်ငံများက ရင်ဆိုင်နေကြရသည်။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ဆိုလျှင် ဧပြီ ၂၀ ရက်က အင်အားပြင်းငလျင်လှုပ်ခြင်းကြောင့် လူများသေကျေပျက်စီးပြီး အိုးအိမ်များပျက်စီးခြင်း၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား တောင်ပိုင်း လော့စ်အိန်ဂျလိစ်အရှေ့ဘက်ရှိ တောင်ခြေတွင် တောမီးလောင်မှုများဖြစ်ပွားခဲ့ခြင်း စသည်ဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ခံစားကြရသည်။

သဘာဝဘေးအန္တရာယ် မဖြစ်ပွားစေရန် တားဆီး၍မရနိုင်သော်လည်း ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသွားစေရန်နှင့် ဘေးဒဏ်ကို ခုခံနိုင်သည့် လူ့အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO, NGO များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယနေ့ကာလတွင် သဘာဝဘေးအန္တရာယ်များ၏ ပျက်စီးမှုစွမ်းအား၊ ယင်းဘေးဒဏ်ကြောင့် ရရှိပြီးသော ဖွံ့ဖြိုးတိုးတက်မှုများ ပျက်စီးဆုံးရှုံးမှု၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ရမှုများ မည်မျှကြီးမားသည်ဆိုသည်မှာ သိသာထင်ရှားလှပေသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်လျော့ပါးရေး ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ယခုကဲ့သို့ ရာသီဥတုပူပြင်းသည့်ကာလတွင် အပူစွမ်းအားပြင်းထန်တတ်ပေရာ နေ့အပူချိန်၊ ညအပူချိန်၊ မိုးရွာသွန်းမှုအခြေအနေနှင့် လေပြင်းကျရောက်ဖွယ်ရှိသော အခြေအနေများ၊ အပူဒဏ်ကာကွယ်မှုအခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူအားလုံးက အလေးထားလိုက်နာကြရန် လိုအပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ပထမဆောင်ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၄

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ပထမဆောင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဌာနီလမ်းရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဦးသန်းငွေ၊ ဦးတင့်ဆန်း၊ ဦးကျော်လွင်၊ ဦးမောင်မြင့်၊ ဦးဇေယျာအောင်နှင့် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ပထမဆောင်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်စန္ဒာခင်နှင့် ဦးသန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ပထမဆောင်တွင် ရည်ညွှန်းစာအုပ်စင်ခန်း၊ ရှေးဟောင်းသုတေသနစာအုပ်စင်ခန်း၊ မြန်မာနိုင်ငံဆိုင်ရာ အင်္ဂလိပ်စာအုပ်စင်ခန်း၊ မြန်မာစာအုပ်စင်ခန်း၊ အင်္ဂလိပ်စာအုပ်စင်ခန်း၊ Recreation နေရာနှင့် ကလေးစာကြည့်တိုက်တို့၌ စာအုပ်ပေါင်း နှစ်သိန်းငါးသောင်းကျော်၊ e-Library တွင် e-book စာအုပ်ပေါင်း တစ်သောင်းငါးထောင်ကျော်ထားရှိ၍ စာပေဖတ်ရှုလေ့လာသူပြည်သူများ အလွယ်တကူ ဖတ်ရှုနိုင်သည်။

၂၀၁၃ ခုနှစ် မေ ၃ ရက်မှစ၍ စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရှိပြီး စာဖတ်သူများအား စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ စတင်ပြုလုပ်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မော်ကျွန်း၌ ရုတ်တရက်မိုးရွာသွန်းသဖြင့် မြို့နယ်ပြည်သူတို့ ဝမ်းသာပျော်ရွှင်

မော်လမြိုင်ကျွန်း မေ ၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများမှာ မတ်လမှ မေလဆန်းအထိ နေအပူချိန်မြင့်မားမှုကြောင့် အပူဒဏ်ကို အလူးအလဲခံစားကြရပြီး နေ့လယ်ပိုင်း နေပြင်းချိန်များတွင် မြို့မရပ်ကွက်ပြည်သူများမှာ မြို့ထဲသို့ သွားလာလှုပ်ရှားသူနည်းပါးပြီး အရိပ်ကောင်းသော သစ်ပင်ရိပ်များနှင့် အဆောက်အအုံများအတွင်း ခိုလှုံနေထိုင်ကြကာ မဖြစ်မနေ လုပ်ငန်းကိစ္စဖြင့် ခရီးသွားလာသူအချို့သာ မြို့မရပ်ကွက်များတွင် သွားလာကြသည်ကို တွေ့မြင်ရသည်။

မျှော်လင့်နေ

မေ ၁ ရက်မှစပြီး မြို့မရပ်ကွက်များတွင် မိုးမျှော်ဖားများအော်ပြီး ညနေပိုင်းများတွင် မိုးအုံ့မှိုင်းမှုဖြစ်ပေါ်သဖြင့် မြို့နယ်ပြည်သူများမှာ မိုးရွာမည့်အချိန်ကို မျှော်လင့်နေကြသည်။

လျော့နည်း

မေ ၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က ရုတ်တရက် အနောက်တောင်ဘက်မှ မိုးရိပ်များဆင်းလာပြီး မိနစ် ၃၀ အကြာ မိုးများအဆက်မပြတ်ရွာသွန်းသဖြင့် မြို့နယ်ပြည်သူများ ဝမ်းသာပျော်ရွှင်သွားကြပြီး မိုးရွာသွန်းမှုကြောင့် အပူရှိန်သိသိသာသာ လျော့နည်းသွားကြောင်း သိရသည်။

(ဝဇ၅)

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

ထင်သာမြင်သာ ပြုပြင်စရာ

နေ့စဉ် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေသည့် ပျဉ်းမနားမြို့မှမောင်ခင်လမ်း

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မြို့တွင်းလမ်းဖြစ်သော မောင်ခင်လမ်းတွင် နေ့စဉ်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

ဖြစ်ပေါ်လျက်ရှိ

မောင်ခင်လမ်း၏ အမှတ်(၃) မီးရထားလမ်းဂိတ်နှင့် (၉)လမ်းအကြား လမ်းဖြတ်နေရာတွင် နေ့စဉ်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့သဖြင့် လမ်းအသုံးပြုသူများအနေဖြင့် လမ်းခရီးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ယာဉ်ကြောပိတ်ဆို့သည့်အတွက် ယာဉ်တစ်စီးနှင့် တစ်စီးအကြား မော်တော်ဆိုင်ကယ် အလုအယက်ထွက်ခွာမောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ ယခင်တစ်ချိန်က မောင်ခင်လမ်းသည် အနောက်မှအရှေ့သို့ သွားလာရသော (ONE WAY) တစ်လမ်းမောင်းဖြစ်၍ မောင်ခင်လမ်း၏ တောင်ဘက်တွင်ရှိသော ဗိုလ်ချုပ်လမ်းမကို အရှေ့မှအနောက်သို့ သွားလာရသော (ONE WAY)အဖြစ် သတ်မှတ်ထားခဲ့သည်။ ယခုအချိန်အခါတွင် ဗိုလ်ချုပ်လမ်းတစ်လမ်းကိုသာ တစ်လမ်းမောင်းအဖြစ် သတ်မှတ်အသုံးပြုနေပြီး မောင်ခင်လမ်းကို (TWO WAY)အဖြစ် သွားလာနေသည့်အတွက် လမ်းကျဉ်းဖြစ်သော မောင်ခင်လမ်းကို လက်ဝဲ၊ လက်ယာ (TWO WAY)ယာဉ်များ မောင်းနှင်နေသောကြောင့် ယခုကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နေခြင်းဖြစ်သည်”ဟု ယာဉ်မောင်းတချို့က သုံးသပ်ပြောနေကြသည်။

သို့ပါ၍ မောင်ခင်လမ်း၏ ယာဉ်ကြောပိတ်ဆို့မှုကြောင့် လမ်းအသုံးပြုသူများ လမ်းခရီးကြန့်ကြာမှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ထင်သာမြင်သာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

ကိုကိုရှူပ(နေပြည်တော်)

ဒိုက်ဦးမြို့နယ်၌ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

နေပြည်တော် မေ ၄

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက်ပိုင်းတွင် ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီး စိုက်ပျိုးရေးစခန်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဉာဏ်ဝင်းက တောင်သူလယ်သမားများအနေနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်လျှောက်ထားရန် သတ်မှတ်ထားသော လုပ်ထုံး၊ လုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း(၁၆)ချက်နှင့်အညီ လုပ်ဆောင်သွားကြရန်လိုကြောင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိသူများအနေဖြင့် ရရှိလာမည့် အခွင့်အရေးများနှင့် လိုက်နာရမည့်တာဝန်များနှင့် စည်းကမ်းများအား လိုက်နာသွားကြရန်လိုကြောင်း၊ လယ်သမားတို့၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ခေတ်မီနည်းစနစ်နှင့်အညီ အထွက်တိုးစပါး မျိုးကောင်းမျိုးသန့်များအား အသုံးပြုရန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲပြီး နည်းစနစ်မှန်မှန်နှင့် စိုက်ပျိုးသွားကြရန်၊ ရိတ်သိမ်းချိန်ကာလတွင် အလေအလွင့်နည်းပါးစေရန်၊ လေလွင့်ဆုံးရှုံးမှုကို ထိန်းသိမ်းကြရန် ပြောကြားပြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုရှစ်စုမှ တောင်သူလယ်သမားများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် လားရှိုးမြို့အတွင်း သာသနာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်

နေပြည်တော် မေ ၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၁၃၇၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲဖြေဆိုလျက်ရှိသော စာဖြေရဟန်း၊ သာမဏေ၊ သီလရှင် ၂၅၉ ပါးတို့၏ စာမေးပွဲဖြေဆိုနေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း၌ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်အား အများပိုင်ဘဏ်အဖြစ် ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၄

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်အား အများပိုင်ဘဏ်အဖြစ် အမည်သစ်ဖြင့် သီးသန့်ရပ်တည်နိုင်ရန် စီစဉ်လျက်ရှိသည်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

ရှေးဦးစွာ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်လွင်က ဒါရိုက်တာအဖွဲ့ဝင်များကိုယ်စား ရှင်းလင်းပြောကြားရာ၌ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ကို ၁၅-၂-၁၉၉၆ ရက်နေ့မှစတင်လျက် ပုဂ္ဂလိကရှယ်ယာများနှင့် ပေးရန်ကန့်သတ်ထားသော အများနှင့်ဆိုင်သော ကုမ္ပဏီအဖြစ် မြန်မာကုမ္ပဏီများဘဏ်ဥပဒေအရ ဖွင့်လှစ်သည့် ကုမ္ပဏီဖြစ်ကြောင်း၊ ၁၉၉၆ ခုနှစ်က မတည်ငွေ မလုံလောက်၍ ဗဟိုဘဏ်သက်သာငွေမှ တစ်ဘီလီယံ ငွေချေးယူခဲ့ပါကြောင်း၊ ချေးငွေနှင့် ကျသင့်အတိုးငွေများကိုလည်း ၂၀၀၄ ခုနှစ်တွင် အကျေအလည် ပေးဆပ်ပြီးဖြစ်ကြောင်း၊ အကြွေးမရှိသော ဘဏ်ဖြစ်ကြောင်း၊ နိုင်ငံတော်အား အခွန်အခ ပုံမှန်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဗဟိုဘဏ်၏ ကွပ်ကဲမှုအောက်တွင် အလုပ်လုပ်လျက်ရှိကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သော အစုရှယ်ယာထည့်ဝင်သူများကိုသာ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားကြောင်း စသဖြင့် ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက်အား ဇွန် ၂၅ ရက်တွင် အမည်ပြောင်းပြီး ဆိုင်းဘုတ်တင်ရန် စီစဉ်ထားကြောင်း၊ မိမိတို့ဘဏ်အနေဖြင့် အရှုံးမရှိကြောင်း၊ အမြတ်သာရှိကြောင်း၊ ယခုအချိန်အထိ ဘဏ်ခွဲပေါင်း ၆၀ ကျော်ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်း၊ ဘဏ်ခွဲပေါင်း ၁၀၀ အထိ ဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်းဖြင့် အုပ်ချုပ်မှုဒါရိုက်တာဦးအောင်မြင့်က ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းသည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်အား အများပိုင်ဘဏ်အဖြစ် ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပမည်

နေပြည်တော် မေ ၄

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဝန်ကြီးအဆင့်အစည်းအဝေးများကို ရန်ကုန်မြို့ Chatrium ဟိုတယ်နှင့် နေပြည်တော်သင်္ဂဟဟိုတယ်တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ကျင်းပမည်

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံ နားလည်မှုစာချွန်လွှာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ရန်ကုန်မြို့ Chatrium ဟိုတယ်၌ မေ ၆ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဝန်ကြီးအဆင့် အစည်းအဝေးကို နေပြည်တော် သင်္ဂဟဟိုတယ်၌ မေ ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အစည်းအဝေးများသို့ နားလည်မှုစာချွန်လွှာ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC တို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။ **မင်းမင်းဇော်(ကလေး)**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၄

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဧပြီ ၃၀ ရက်တွင် ဒေါ်စန်းသူဇာအပါအဝင် ပုဂ္ဂိုလ် ၁၉ ဦးတို့က အမျိုးသားတိုးတက်မြင့်မားရေးပါတီ (National Prosperity Party) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ(၄)နှင့် ပုဒ်မ(၆)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

သည်းထန်စွာရွာသွန်းပြီး မိုးသက်လေပြင်းများ ပြင်းထန်စွာ တိုက်ခတ်သွားသဖြင့် နေအိမ်များ၊ ကျောင်းများ ပျက်စီးသွားခဲ့ပြီး လူများ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည်ဟု သိရသည်။ မော်မာရွာတွင် မိုးသက်လေပြင်းဒဏ်ကြောင့် ရွာလုံးကျွတ်နီးပါး နေအိမ်များ ပျက်စီးသွားခဲ့သည်။ နေအိမ်အလုံး ၁၇၀ ပျက်စီးသွားပြီး ကလေးလူကြီးကျားမ ၅၀၀ အိုးမဲ့ အိမ်မဲ့ဖြစ်သွားခဲ့သည်။ ထန်းတပင်ရွာတွင် နေအိမ်အလုံး ၄၃ လုံး ပျက်စီးသွားခဲ့ပြီး လူဦးရေ ၁၃၀ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည်။ နောင်ပိန်တွင် နေအိမ်အလုံး ၂၁ လုံး ပျက်စီးသွားပြီး လူဦးရေ ၆၀ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည်ဟု သိရသည်။ နမ့်ဟန်ခိုက်ရွာ အမကကျောင်း၊ ပုံပိုးနောင်မိန်းရွာ အမကကျောင်းတို့ ပျက်စီးသွားပြီး စခန်းသာရွာရှိ အလကကျောင်းဆောင်သွပ်မိုးများ ပျက်စီးသွားခဲ့သည်။ မော်မာရွာရှိ လေဘေးဒုက္ခသည်များကို နောင်ပိန်ရွာရှိ ပရဟိတလူငယ်အကျိုးဆောင်အဖွဲ့ဝင် ၃၀ တို့က သွပ်အချပ် ၁၀၀ အပါအဝင် အဝတ်အထည်များ၊ စားသောက်ကုန်များ သွားရောက်ကူညီလှူဒါန်းပေးကြသည်။ လျှပ်စစ်မီးများ အချိန်မီရရှိရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ဦးစီးဦးနှင့် ဝန်ထမ်းများ မြို့နယ်စည်ပင်အဖွဲ့၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပြိုလဲကျနေသောသစ်ပင်များ၊ ဓာတ်တိုင်များကို ရှင်းလင်းဖယ်ရှားဆောင်ရွက်လျက်ရှိသည်။

လေဘေး ဒုက္ခသည်များအား ကျောက်မဲမြို့ပေါ်ရှိ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့မှ အချိန်မီကယ်ဆယ်ရေး ပစ္စည်းများ ပံ့ပိုးကူညီဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။ **(ဝ၉ဝ)**

နိုင်ငံတကာသတင်း

အမေရိကန် ဂျက်တိုက်လေယာဉ်များ ဩစတြေးလျသို့ရောင်းမည်

ကင်ဘာရာ မေ ၄

အမေရိကန်နိုင်ငံမှ ဘိုးအင်း အီးအေ-၁၈ ဂျီ ဂျက်တိုက်လေယာဉ် အစင်း ၂၀ ကို ဝယ်ယူရေးအတွက် ဩစတြေးလျနှင့် အမေရိကန်တို့ စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဩစတြေးလျအရာရှိများက မေ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

ဩစတြေးလျအစိုးရသည် အဆိုပါဂျက်တိုက်လေယာဉ်များကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ ဝယ်ယူမည်ဟု ဩစတြေးလျအစိုးရ၏ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။ ထို့အပြင် အက်ဖ်-၃၅ တိုက်လေယာဉ်များကိုလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံဖိုးဝယ်ယူရန် အစီအစဉ်ရှိသည်။ ဂျက်တိုက်လေယာဉ်များနှင့် အက်ဖ်-၃၅ တိုက်လေယာဉ်များ ဝယ်ယူအားဖြည့်ခြင်းမှာ လေကြောင်း တိုက်ခိုက်ရေးစွမ်းရည်တိုးတက်မြင့်မားစေရန်ဖြစ်ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီး စတီဗင်စမစ်က ပြောကြားသည်။

အမေရိကန်နိုင်ငံမှ ဂျေအက်စ် အက်ဖ်တိုက်လေယာဉ်အစင်း ၁၀၀ အတွက် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံဖိုးဝယ်ယူရန် ၂၀၀၉ ခုနှစ်ကတည်းက ဩစတြေးလျတို့နှင့် သဘောတူညီမှုရရှိထားသည်။ ယင်းဂျေအက်စ်အက်ဖ်တိုက်လေယာဉ်များကို ဩစတြေးလျနိုင်ငံရှိ အက်ဖ်အေ ၁၈ စူပါဟောနက်လေယာဉ်များနေရာတွင် အစားထိုးဖြည့်ဆည်းမည်ဖြစ်သည်။ အမေရိကန်သည် ၂၀၁၀ ခုနှစ်ကလည်း ဆော်ဒီအာရေဗျနိုင်ငံသို့ အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ် ၈၄ စင်းနှင့် ယူအိတ်ချ် ၆၀ ဘလက်ဟော့ လေယာဉ် ၇၂ စင်းကို အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံဖြင့်ရောင်းချရန် သဘောတူခဲ့သည်။ **(ဆင်ဟွာ)**

အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံတန်ဖိုးရှိ နျူကလီးယားဓာတ်အားစက်ရုံဆောက်ရန် တူရကီနှင့် ဂျပန်တို့သဘောတူစာချုပ်

အင်ကာရာ မေ ၄

တူရကီနှင့် ဂျပန်တို့သည် ပင်လယ်နက်ကမ်းခြေတွင် တူရကီနိုင်ငံ၏ ဒုတိယမြောက် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံတန်ဖိုးရှိ သဘောတူ စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။

တူရကီနိုင်ငံ အင်ကာရာမြို့ အနောက်မြောက်ပိုင်း ၄၃၀ ကီလိုမီတာ (၂၇၀ မိုင်)ခန့်အကွာရှိ ဆီနော့မြို့တွင် နျူကလီးယားဓာတ်အားပေးစက်ရုံ ဆောက်လုပ်ရန်အတွက် တူရကီဝန်ကြီးချုပ် ရီဆက်တေယက်အာဒိုဂန်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ မြို့တော်အင်ကာရာတွင် ပဋိညာဉ်စာချုပ်တစ်ရပ်ကို မေ ၃ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါသဘောတူစာချုပ်သည် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံအနေဖြင့် တူရကီနှင့်ဂျပန်တို့အကြား အပြန်အလှန်ဆက်ဆံရေးကို ပြောင်းလဲပေးနိုင်သည့် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် အာဒိုဂန်က ကြိုဆိုနှုတ်ခွန်းဆက်စကားဆိုခဲ့သည်။

ယင်းစာချုပ်သည် ၂၀၁၁ ခုနှစ် ဖူကူရှီးမားနျူကလီးယားဘေးအန္တရာယ်ဖြစ်ပြီးကတည်းက ပင်လယ်ရပ်ခြားနျူကလီးယားလုပ်ငန်းတွင် ဂျပန်နိုင်ငံ၏ ပထမဆုံးအောင်မြင်သည့် ကြိုးပမ်းမှုဖြစ်သည်။ **(ပရက်စ်တီဗွီ)**

နောက်ဆုံးတောင်ကိုရီးယားအလုပ်သမားများ ကီဆောင်စက်မှုဇုန်အတွင်းမှ ထွက်ခွာ

ဆိုးလ် မေ ၄

နောက်ဆုံးကျန်ရှိသည့် တောင်ကိုရီးယားအလုပ်သမားခုနစ်ဦးသည် မြောက်ကိုရီးယားနှင့်ပူးတွဲကီဆောင်စက်မှုဇုန်မှ မေ ၃ ရက်တွင် နေအိမ်သို့ ပြန်လာခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြောကြား

အဆိုပါ တောင်ကိုရီးယားအလုပ်သမားခုနစ်ဦးသည် မေ ၃ ရက်ညနေတွင် နယ်စပ်ကိုဖြတ်ကျော်ကာ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယားသည် ဧပြီ ၃၀ ရက်က ကျန်ရှိနေသေးသော ၎င်းတို့၏ အလုပ်သမားများကို ရုပ်သိမ်းခဲ့သည်။ သို့သော်လည်း တောင်ကိုရီးယားကြီးကြပ်ရေးမှူး ခုနစ်ဦးသည် အလုပ်သမားလုပ်အားခများ မရှင်းရသေးမှုများအပါအဝင် စီမံခန့်ခွဲရေးလုပ်ငန်းကိစ္စအချို့နှင့် ပတ်သက်ပြီး မြောက်ကိုရီးယားနှင့် ဆွေးနွေးရန် ကျန်ရှိခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားက ဧပြီလတွင် ၎င်းတို့၏ အလုပ်သမား ၅၃၀၀၀ ကို ရုပ်သိမ်းပြီးကတည်းက ကီဆောင်စက်မှုဇုန်ကို လုံးဝရပ်ဆိုင်းထားခဲ့ပြီး အဆိုပါစက်မှုဇုန်အတွင်း ဝင်ရောက်မှုကို ပိတ်ဆို့ခဲ့သည်။

အိမ်နီးချင်းကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ရန် ၂၀၀၃ ခုနှစ်က မြောက်ကိုရီးယားနိုင်ငံအတွင်း အဆိုပါစက်မှုဇုန်ကို စတင်လုပ်ဆောင်ခဲ့သည်။

ယင်းစက်မှုဇုန်အတွင်း တောင်ကိုရီးယားကုမ္ပဏီပေါင်း ၁၂၃ ခုရှိပြီး တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားအလုပ်သမားများ အလုပ်လုပ်နေခဲ့ကြခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင် စုစည်းသည်

ဘင်္ဂလားဒေ့ရှ်စက်ရုံပြိုကျခဲ့မှု ဂျင်နရေတာလေးလုံးတုန်ခါမှုကြောင့်ဟုဆို

ဒါကာ မေ ၄

လွန်ခဲ့သည့်လက ဒါကာမြို့အနီး ရှစ်ထပ်တိုက်အဆောက်အအုံပြိုကျခဲ့ရာတွင် အဆောက်အအုံအတွင်း ဂျင်နရေတာလေးလုံးထားရှိအသုံးပြုခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ထိပ်တန်းစုံစမ်းစစ်ဆေးရေးမှူးက ပြောကြားသည်။

အဆိုပါ ပြိုကျခဲ့သည့် အထည်ချုပ်စက်ရုံအဆောက်အအုံသို့ ပို့လွှတ်သည့် ဓာတ်အားလိုင်း ပြတ်တောက်ပြီးခဲ့သည့်နောက် တုန်ခါမှုများကို စစ်ဆေးခဲ့ရာမှ လေ့လာတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း အစိုးရစုံစမ်းစစ်ဆေးရေးအဖွဲ့အကြီးအကဲ မိန်းယူဒင် ခမ်ဒါကာက ပြောကြားသည်။

"ဒီဂျင်နရေတာကြီးတွေ လည်ပတ်မှုကြောင့်ထောင်နဲ့ချီတဲ့ အထည်ချုပ်စက်တွေတောင် တုန်ခါမှုရှိနေတာတွေ့ရတယ်" ဟု ၎င်းက အေအက်ဖ်ပီသို့ ပြောသည်။ ယင်းအဆောက်အအုံပြိုကျမှုကြောင့် အနည်းဆုံး ၅၀၀ သေဆုံးခဲ့ပြီးဖြစ်သည်။ ယင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အဆိုးရွားဆုံး စက်ရုံမတော်တဆမှုဖြစ်သည်။ **(အေအက်ဖ်ပီ)**

ကယ်လီဖိုးနီးယား၌ တောမီးပြင်းထန်စွာလောင်ကျွမ်း မီးသတ်တပ်ဖွဲ့ဝင် ၃၀၀၀ ကျော် ပါဝင်ငြှိမ်းသတ်နေ

ကယ်လီဖိုးနီးယား မေ ၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၌ တောမီးလောင်ကျွမ်းလျက်ရှိသော အဓိကခြောက်နေရာကို မီးသတ်တပ်ဖွဲ့ဝင် ၃၀၀၀ ကျော်က ဝိုင်းဝန်းငြှိမ်းသတ်လျက်ရှိကြောင်း မီးသတ်ဌာနက ပြောသည်။ **(အပေါ်ပုံ)**

မီးငြှိမ်းသတ်ခဲ့

ကြောက်မက်ဖွယ်ကောင်းသည့် မီးလောင်ကျွမ်းမှုဖြစ်စဉ်တွင် နာမည်ကျော် ပစိဖိတ်ကမ်းရိုးတန်းအဝေးပြေးလမ်းမကြီးကို ရက်ပေါင်းများစွာပိတ်ထားရသည်ဟုဆိုသည်။ နွေဦးတောမီးဟုခေါ်ဆိုသည့် အဆိုပါမီးလောင်မှုသည် လော့စ်အိန်ဂျလိစ်အနောက်မြောက်ပိုင်းကမ်းရိုးတန်းသို့ရောက်ရှိလာပြီး ထောင်ပေါင်းများစွာသော နေအိမ်များကို ခြိမ်းခြောက်လျက်ရှိသည်။ အဆိုပါမီးသတ်တပ်ဖွဲ့ဝင်များက ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုနေရာပေါင်း ၆၈၀ ကျော်ကို မီးငြှိမ်းသတ်ခဲ့ကြရသည်။

၎င်းနွေဦးတောမီးသည် ကာမာရီဖိုမြို့အနီးတွင် စတင်လောင်ကျွမ်းပြီး တစ်ရက်အကြာ မေ ၃ ရက်နံနက်က သုံးဆခန့် ပိုမိုလောင်ကျွမ်းလာခဲ့ခြင်းဖြစ်သည်။ ၎င်းတောမီးကြောင့် လူနေအိမ်ဒါဇင်နှင့်ချီ၍ မီးဘေးသင့်ခဲ့သည်။ အိမ်ခြေ ၄၀၀၀ မှာလည်း မီးဘေးစိုးရိမ်နေကြရသည်။ **(ဘီဘီစီ)**

မိုးကြိုးပစ်ခံရမှုကြောင့် ကမ္ဘောဒီးယား၌ ၃၅ ဦးသေဆုံး

ဖနောင်ပင် မေ ၄

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ပထမလေးလအတွင်းမိုးကြိုးပစ်ခံရမှုကြောင့် ၃၅ ဦးသေဆုံးခဲ့ပြီး ယမန်နှစ်အလားတူကာလက သေဆုံးသူ ၂၅ ဦးနှင့် နှိုင်းယှဉ်လျှင် ၄၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သဘာဝဘေးအန္တရာယ်ထိန်းချုပ်ရေးအရာရှိတစ်ဦး၏ ပြောကြားချက်ကို မေ ၃ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း သေဆုံးသူများ၏ဘေးတွင် အဆိုပါမိုးကြိုးပစ်ခံရသည့် လျှပ်စီးစက်ကွင်းကြောင့် အခြား ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အများစုမှာ ကျေးလက်ဒေသများက ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ခေါင်းဆောင် ကီယိုဗီက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

အမေရိကန်တစ်ဝန်း နေစွမ်းအင်လေယာဉ်စတင်ပျံသန်း

ဆန်ဖရန်စစ္စကို မေ ၄

နေစွမ်းအင်တစ်ခုတည်းသာ အသုံးပြုသော လေယာဉ်တစ်စင်းသည် အမေရိကန်နိုင်ငံတစ်ဝန်း လောင်စာဆီတစ်စက်မျှမသုံးဘဲ ဆန်ဖရန်စစ္စကိုမှစကာ ပထမဆုံးပျံတက်သွားကြောင်း မေ ၃ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါနေစွမ်းအင်သုံးလေယာဉ်သည် လာမည့်သီတင်းပတ်များအတွင်း ဖီးနစ်၊ ဒါးလတ်(စ်)၊ စိန့်လူးဝစ်၊ ဝါရှင်တန်ဒီစီနှင့် နယူးယောက်မြို့များတွင် ရပ်တန့်သွားမည်ဟု ဆိုသည်။

၎င်းလေယာဉ်၏ တောင်ပံသည် အဲဘတ်စ် A-340 လေယာဉ် တောင်ပံနှင့်တူညီပြီး အလေးချိန်မှာ သာမန်ကားတစ်စီးအလေးချိန်သာ ရှိသည်။ ယင်းလေယာဉ်သည် နေ့ရောညပါ မရပ်မနားဘဲ ၂၆ နာရီကြာ ပျံသန်းမှုပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၎င်းလေယာဉ်အဖွဲ့က ၂၀၁၅ ခုနှစ်တွင် ကမ္ဘာပတ်ရန်ရည်ရွယ်ထားသည်။ ယင်းလေယာဉ်သည် ဆန်ဖရန်စစ္စကိုပင်လယ်အော်အစွန် မော့ဖက်လေယာဉ်ကွင်းမှ ဒေသစံတော်ချိန် ၆ နာရီ ၁၂ မိနစ်က စတင်ပျံသန်းခဲ့ပြီး ပထမဆုံးသော ခရီးစဉ်အဖြစ် ဖီးနစ်တွင် အဆုံးသတ်ကာ ပျံသန်းချိန် ၁၉ နာရီခန့်ရှိမည်ဟု ဆိုသည်။ လေယာဉ်တောင်ပံများပေါ်တွင် ဆိုလာဆဲလ်အလုံးပေါင်း ၁၂၀၀၀ တပ်ဆင်ထားသည်။ နေ့အချိန်ရရှိသည့် စွမ်းအင်များကို ဘက်ထရီများဖြင့် သိုလှောင်ထားပြီး နေ့ရောညပါ ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

HB-SIK ဟု အမည်ပေးထားသည့် ၎င်းနေစွမ်းအင်သုံးလေယာဉ်ကို ဘားထရန်းပစ်ကပ်ဆိုသူက မောင်းနှင်လျက်ရှိကြောင်း သိရသည်။ **(ဘီဘီစီ)**

အထက(၅)တာမွေ မြတ်ဆရာပူဇော်ပွဲ
၁၉၉၃-၁၉၉၄ မှ ၁၉၉၈-၁၉၉၉ ပညာသင်နှစ်အထိ

အထက(၅)တာမွေတွင် ပညာသင်ကြားပြသပေးခဲ့သော ဆရာ ဆရာမများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၁၃ခုနှစ် မေ ၁၁ရက် (စနေနေ့)တွင် နံနက် ၉း၃၀နာရီ မှ ၁၁း၃၀နာရီအထိ ရန်ကုန်မြို့၊ ကရဝိက်နန်းတော်၊ ကန်တော်ကြီးဥယျာဉ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်နိုင်ပါရန် ရိုသေစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ဆရာဦးမောင်မောင်သန်း	ဖုန်း-၀၉-၄၂၁၀၂၈၅၄၀	**ကိုရဲမင်းမြတ်**	ဖုန်း-၀၉-၅၀၂၂၃၄၃
ဆရာဦးကျော်တင့်	ဖုန်း-၀၉-၄၂၀၁၀၀၃၉၉	**ကိုဇေယျာမျိုး**	ဖုန်း-၀၉-၄၄၈၀၄၅၄၆၈
		ကိုရဲမင်းဦး	ဖုန်း-၀၉-၄၅၀၀၆၅၈၅၄
		ကိုသိန်းဇော်မင်း	ဖုန်း-၀၉-၅၀၄၈၂၀၂

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် တရုတ်ရဲ့သံခင်းတမန်ခင်း

မောင်မဟာ

အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်အေးချမ်းရေးကို ကူညီဆောင်ရွက်ပေးဖို့ စိတ်အားထက်သန်နေတဲ့ တရုတ်နိုင်ငံဟာ တရုတ်အထူးသံတမန်တစ်ဦးဖြစ်တဲ့ ဝူစီကီအား အရှေ့အလယ်ပိုင်းဒေသကို ဧပြီ ၃၀ ရက်မှာ စေလွှတ်လိုက်ပြီဖြစ်ပါတယ်။

အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ဖို့အတွက် လိုအပ်တဲ့အကူအညီပေးနိုင်ရေး တရုတ်အထူးသံတမန် ဝူစီကီဟာ အစ္စရေးနဲ့ပါလက်စတိုင်းတို့ကို သွားရောက်ခဲ့တာဖြစ်ပြီး ဒုတိယအနေနဲ့ အစ္စရေးနိုင်ငံကို သွားရောက်ကာ ဂျေရုဆလင်မြို့မှာ အစ္စရေးနိုင်ငံခြားရေး ဒုတိယဝန်ကြီး ဇီဗ်အီလ်ကင်နဲ့ တရားရေးဝန်ကြီး ဇီပီလီဗ်နီတို့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ တရုတ်သံတမန်ဟာ မကြာခင်က ပါလက်စတိုင်းကို လေးရက်ကြာ ခရီးထွက်ခဲ့ပြီး ပါလက်စတိုင်း တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

ဒါပေမယ့် တရုတ်အထူးသံတမန်ဟာ အစ္စရေးကို ရောက်ရှိနေချိန်မှာပဲ အစ္စရေး တိုက်လေယာဉ်တွေက ပါလက်စတိုင်းရဲ့ အနောက်ဘက်ကမ်းခြေဒေသကို တိုက်ခိုက်မှုတွေ ပြုလုပ်နေချိန်ဖြစ်ပါတယ်။ ဒါကလည်း အနောက်ဘက်ကမ်းခြေဒေသအနီး အစ္စရေးအခြေချ နေထိုင်သူတွေကို ပါလက်စတိုင်းတို့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက်မှာ အစ္စရေးတိုက်လေယာဉ်တွေက အနောက်ဘက်ကမ်းခြေဒေသကို လေကြောင်းမှ တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။

ဒီလိုအစ္စရေးအခြေချ နေထိုင်သူတွေအပေါ် တိုက်ခိုက်မှုပြုလုပ်တာဟာ လွန်ခဲ့တဲ့ တစ်နှစ်ခွဲကျော်ကာလအတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် အနောက်ဘက်ကမ်းခြေဒေသမှာ ဖြစ်ပွားခဲ့တာဖြစ်ပြီး အစ္စရေးအခြေချ နေထိုင်သူတစ်ဦး သေဆုံးခဲ့ပါတယ်။ ဒါကြောင့် အစ္စရေးတို့က လက်တုံ့ပြန်တဲ့အနေနဲ့ လေကြောင်းမှ တိုက်ခိုက်ပြီး အဲဒီတိုက်ခိုက်မှုမှာ ပါဝင်တယ်လို့ ယူဆရတဲ့ ပါလက်စတိုင်း ခုနစ်ဦးကို ဖမ်းဆီးခဲ့ပါတယ်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကတော့ ဒါဟာ မတော်တဆဖြစ်ရပ်ဖြစ်ပြီး အစ္စရေးအခြေချ နေထိုင်သူတစ်ဦး သေဆုံးခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ တရုတ်အထူးသံတမန်ဝူဟာ အစ္စရေးကို ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်မြောက်ဖို့ ရောက်ရှိနေချိန်ဖြစ်ပါတယ်။

တရုတ်သံတမန်ဝူကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကြိုတင်ပြင်ဆင်နိုင်ဖို့အတွက် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနဲ့ ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်တို့ကို တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ဖို့၊ အဲဒီလို လာမယ်ဆိုရင် အခုမေလ ပထမသီတင်းပတ်ထဲမှာ လာရောက်ဖို့တွေကို ဆွေးနွေးညှိနှိုင်းကြတယ်လို့ ဆိုပါတယ်။

တရုတ်ခေါင်းဆောင်သစ်တွေက အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးကို စိတ်ဝင်စားနေပြီး အစ္စရေးနဲ့ပါလက်စတိုင်းတို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲ ပြန်လည်အထမြောက်နိုင်ရေးကိုလည်း စိတ်အားထက်သန်နေကြပါတယ်။ ဒါ့အပြင် တရုတ်၊ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ ဆက်ဆံရေး ပိုမိုဖြစ်ထွန်းစေဖို့လည်း

> **“ တရုတ် ခေါင်းဆောင်သစ်တွေက အရှေ့အလယ်ပိုင်း ဒေသတည်ငြိမ်အေးချမ်းရေးကို စိတ်ဝင်စား၊ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲ ပြန်လည် အထမြောက်နိုင်ရေးကိုလည်း စိတ်အားထက်သန်နေကြ။ ”**

တရုတ်ခေါင်းဆောင်တွေ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ပတ်သက်ပြီး အော်စလို သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြတဲ့ နှစ်(၂၀)မြောက် နှစ်ပတ်လည်အချိန်နဲ့လည်း တိုက်ဆိုင်နေတာမို့ တရုတ်နိုင်ငံရဲ့ ကြိုးစားအားထုတ်မှုကို ထိထိရောက်ရောက်ဖြစ်အောင် အကောင်အထည် ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။

တရုတ်အထူးသံတမန် ဝူဟာ အစ္စရေးနိုင်ငံမှာ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ နှစ်ရက်ကြာ နေထိုင်မှာဖြစ်ပါတယ်။ တရုတ်တို့ကတော့ အရှေ့အလယ်ပိုင်းဒေသမှာ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြစ်ပေါ်လာအောင် ကြိုးစားနေပြီဖြစ်ပါတယ်။

နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့အတူ ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲကို အောင်မြင်စေဖို့အတွက် တရုတ်အထူးသံတမန်ဝူဟာ ပါလက်စတိုင်းကို လေးရက်ကြာ သွားရောက်ခဲ့ပြီး ပါလက်စတိုင်း တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအနေနဲ့ တရုတ်နိုင်ငံကို မေ ၆ရက်မှ ၇ရက်အထိ လာရောက်ဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။

ဒါကြောင့် တရုတ်ရဲ့ကြိုးစားအားထုတ်မှုဟာ အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ဘယ်လောက်ထိရောက်အောင် ဆောင်ရွက်နိုင်မလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။



နိုင်ငံတကာသတင်း

ဆီးရီးယားလက်နက်တိုက် အစ္စရေးတိုက်ခိုက်

အစ္စရေးစစ်လေယာဉ်များက ဆီးရီးယားနိုင်ငံအတွင်း လက်ဘနွန်လေကြောင်းပိုင်နက်အတွင်းမှ တိုက်ခိုက်နေကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။ အစ္စရေးစစ်လေယာဉ်များသည် ဆီးရီးယားရှိ လက်နက်တိုက်တစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း၊ ယင်းလက်နက်တိုက်မှတစ်ဆင့် လက်ဘနွန်ရှိဟစ်(ဇ်)ဘိုလာတို့အား လက်နက်များထောက်ပံ့ဖွယ်ရှိကြောင်း အမည်မဖော်လိုသူများက မီဒီယာများသို့ ပြောကြားသည်။

သို့ရာတွင်အစ္စရေးက အဆိုပါတိုက်ခိုက်မှုကို ငြင်းဆိုထားသည်။ ထိုအတောအတွင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ၎င်းအနေဖြင့် ဆီးရီးယားပြည်တွင်းစစ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်မဟုတ်ကြောင်း ပြောကြားသည်။ ဆီးရီးယားအစိုးရသည် ဓာတုလက်နက်များ အသုံးပြုနေသည့်အတွက် အလွန်စိုးရိမ်မိကြောင်း အနောက်နိုင်ငံ ထောက်လှမ်းရေးအေဂျင်စီများက သတိပေးထားသည်။ အစ္စရေးလေကြောင်း တိုက်ခိုက်မှုသည် မေ ၂ ရက်သို့မဟုတ် မေ ၃ ရက်က ဖြစ်လိမ့်မည်ဟု အမေရိကန်တို့က ပြောကြားသည်။ သို့သော် ယင်းတိုက်ခိုက်မှုသည် ဆီးရီးယားလေကြောင်းပိုင်နက်အတွင်း မဝင်ခဲ့ဟုဆိုသည်။

....

မြောက်ကိုရီးယားလက်နက်အန္တရာယ် စိုးရိမ်နေကြရ

မြောက်ကိုရီးယားမပြန့်ပွားရေးစာချုပ်(အင်န်ပီတီ) အဖွဲ့ဝင်နိုင်ငံများက မြောက်ကိုရီးယားလက်နက် အဆင့်မြှင့်တပ်လှန့်လာမှုအပေါ် စိုးရိမ်ပူပန်မိကြောင်း ပြောကြားလိုက်သည်။ မြောက်ကိုရီးယားလက်နက်ပိုင်ဆိုင်ထားသော နိုင်ငံများက မြောက်ကိုရီးယားလက်နက်များကို ပိုမိုခေတ်မီအောင် ပြုလုပ်လာခြင်း၊ မြောက်ကိုရီးယား အဆောက်အအုံများကို ပိုမိုလုံခြုံအောင်ပြုလုပ်လာခြင်းတို့အပေါ် စိုးရိမ်မိကြောင်း အင်န်ပီတီအဖွဲ့ဝင် ၁၉၀ အနက် ၁၀၆ နိုင်ငံကကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အင်န်ပီတီက ၁၉၇၀ပြည့်နှစ်မှစတင်ကာ မြောက်ကိုရီးယားပြန့်ပွားမှုရပ်တန့်ရန် ကြိုးစားခဲ့သည်။ သို့သော် အချို့က မြောက်ကိုရီးယားလက်နက် ဆက်လက်ထုတ်လုပ်ခဲ့ကြသည်။

....

စစ်သွေးကြွများကို လက်နက်ပံ့ပိုးနေမှု ရုရှားလက်မခံ

ဆီးရီးယားနိုင်ငံတွင် ပြည်ပကျောထောက်နောက်ခံပြုသည့် စစ်သွေးကြွများအား လက်နက်ထောက်ပံ့ပေးနေခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း၊ ယင်းကိစ္စကိုမော်စကိုက လက်မခံနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ထုတ်ဖော်ပြောကြားလိုက်သည်။ နိုင်ငံမဲ့တိုက်ခိုက်ရေးသမားများကို လက်နက်ထောက်ပံ့ပေးနေခြင်းသည် နိုင်ငံတကာဥပဒေနှင့် ဆန့်ကျင်နေကြောင်း မေ ၃ ရက်က ဆလိုဗေးနီးယားနိုင်ငံ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပစဉ် လာရော့ဗ်က ပြောကြားသည်။အိမ်ဖြူတော်အနေဖြင့် ဆီးရီးယားရှိပြည်ပကျောထောက်နောက်ခံ စစ်သွေးကြွများအား လက်နက်ထောက်ပံ့ပေးနေခြင်းကို အလေးအနက်စဉ်းစားဖို့လိုနေပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ချွတ်ဟာဂဲ့က ပြောကြားပြီးနောက် လက်ရော့ဗ်က အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားလိုက်ခြင်းဖြစ်သည်။

မြင့်မောင်စိုး-ရေးသားသည်

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ အကျိုးဆောင်စာရင်းစစ် **ဦးကျော်ဝင်း (MD, National Wood Industry Ltd)** အား ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ခြင်းကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု (တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု)** ကို (၃၀-၄-၂၀၁၃)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ အကောင်းဆုံး ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစိန်လွင်၊ Chairman
Diamond Mercury Wood Product Ltd

ဦးဘာဘာချို၊ Managing Director
Myanmar Inter Safe Co., Ltd

ဒေါက်တာမျိုးသက်၊ Chairman
Sein Yadanar Wut Hmon Co., Ltd

ဦးနေထွန်းမင်း၊ Director
Two Triangle Co.,Ltd

ဦးထွန်းလွင်၊ Managing Director
Shwe Me Co.,Ltd

ဦးမင်းသော်ကောင်း၊ Managing Director
Win Enterprise Ltd

ဦးအောင်နိုင်ဦး၊ Managing Director
Fly Man Co.,Ltd

ဦးလင်းဝင်း၊ Managing Director
Aung Sein Lin Co.,Ltd

ဦးအောင်မျိုး၊ Managing Director
Mogok Pride Co.,Ltd

ဦးမင်းသိန်း၊ Director
Lin Win Co.,Ltd

ကျန်းမာရေးဆောင်းပါး

မိုဘိုင်းဖုန်းနှင့်သတိပြုစရာ ကျန်းမာရေးပြဿနာများ

မြတ်ထွင်ညွန့် (ဆေး-၂)

"ဆရာမြတ်ရေ သည်မှာကြည့်ပါဦးဗျ"

အသံနှင့်အတူ မပြေးရုံတစ်မည် ရောက်ချလာသော မောင်ပျာယာက သူ့လက်ထဲမှ မိုဘိုင်းဖုန်းကို မြှောက်၍ မြှောက်၍ ပြလေသည်။

"တယ်ဟုတ်ပါလား မောင်ပျာယာ၊ ဖုန်းတွေ ဘာတွေနဲ့ပါလား"

"ဟုတ်ရမှာပေါ့ဆရာရယ်။ ကျွန်တော်တို့လို အောက်ခြေဝန်ထမ်းတွေအတွက် ဖုန်းဝယ်ဖို့ဆိုတာ စိတ်ကူးထဲမှာပဲ ရှိခဲ့ရတာပါ။ အခုတော့နိုင်ငံတော်က အံ့ဩလောက်စရာကောင်းတဲ့ ဈေးနှုန်းနဲ့ ဖုန်းတွေချပေးတော့ တိုးဝှေ့ပြီး မဲနှိုက်ခဲ့တာ။ အခုတော့ မဲပေါက်လို့ဟန်းဆက်ပါဝယ်ပြီး အခုထည့်သုံးနေပြီဗျ။ လခတိုးတာနဲ့ ကွက်တိပဲဖြစ်သွားတာပေါ့။ အခုဆို အခြားသူတွေလို ဖုန်းတကိုင်ကိုင်နဲ့ဟန်ရေးပြနိုင်ပြီ။ လက်ပတ်နာရီတောင်မပတ်တော့ဘူး။ ဖုန်းထဲမှာ နာရီပါတယ်လေ"

"ကောင်းတာပေါ့ မောင်ပျာယာရယ်။အရေးရယ်အကြောင်းရယ်ဆိုရင် ဆက်သွယ်လို့ရတာပေါ့။ နို့မို့ဆိုရင် အများပြောဖုန်းတွေဆီသွားပြောရတယ် မဟုတ်လား။ အခုတော့ ညရေးညတာ ကိစ္စဝိစ္စရှိရင်တောင် အလွယ်တကူ ဆက်သွယ်လို့ရပြီပေါ့"

" အခုဆိုရင် ကျွန်တော်နဲ့ဖုန်း တစ်သားတည်း ဖြစ်သွားပြီ။ သုံးခါစက ခလုတ်တွေ သိပ်မသိသေးဘူး၊ အခုတော့ တော်တော်ကျွမ်းသွားပြီ။ ဘယ်သွားသွားဖုန်းသယ်သွားတယ်။ ညအိပ်ရင်တောင် ဖုန်းကို ခေါင်းအုံးနားထားအိပ်တာဗျ။ အိပ်ခါနီးဖုန်းထဲမှာထည့်ထားတဲ့ သီချင်းလေးဖွင့်ရင်း အိပ်ရတာ တယ်ကောင်းတာပဲ"

မောင်ပျာယာက ဝမ်းသာအားရဟန်ဖြင့် ပြောသည်။

" သွားရင်းလာရင်းနဲ့ရော သီချင်းလေး ဘာလေးတွေ နားမထောင်ဘူးလား"

"ဘယ်နေပ့ါမလဲ ဆရာရဲ့။ နားကြပ်တပ်ပြီး နားထောင်တာပေါ့။ သည်ကိုလာတုန်းကတောင် နားကြပ်တပ်ပြီး နားထောင်လာတာ ဆိုင်ကယ်ဟွန်းသံမကြားလို့ ဆိုင်ကယ်သမားက ဆဲသွားသေးတယ်။ ဟဲဟဲ"

"မောင်ပျာယာကတော့ ခက်တော့တာပဲ။ ရွဲ့ပြောလို့ ပြောမှန်းမသိနဲ့။ တကယ်တော့ မိုဘိုင်းဖုန်းက အသုံးဝင်တာတွေ အများကြီးဆိုတာ အားလုံးအသိဆိုတော့ ပြောဖို့မလိုတော့ဘူး။ ဒါပေမယ့် အရာရာတိုင်းမှာ ကောင်းတာတွေရှိသလို မသုံးတတ်ပြန်ရင်လည်း ဘေးဖြစ်တတ်တယ်။ မီးဟာ လူတွေအတွက် အင်မတန်အသုံးဝင်တာမှန်ပေမယ့် သေသေချာချာမသုံးစွဲရင်၊ သတိထားသင့်တဲ့ အချက်တွေကို အလေးမထားဘဲ လက်လွတ်စပယ်သုံးရင် သုံးစွဲတဲ့သူကိုပဲ ဘေးသင့်စေနိုင်တယ်မဟုတ်လား။ မိုဘိုင်းဖုန်းတွေမှာလည်း အဲ့သည်လိုပဲ။ သတိထားသင့်တာတွေကို အလေးမမူရင် ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ အချက်တွေရှိတယ်"

" ဆရာနဲ့တွေ့မှပဲ ကိုင်ထားတဲ့ဖုန်းတောင် ကြောက်စရာဖြစ်တော့မယ်နဲ့တူတယ်။ ဘာတွေများဖြစ်နိုင်လို့တုံး ဆရာရဲ့"

မောင်ပျာယာက သူ့လက်ကိုင်ဖုန်းလေးကို ကြမ်းပြင်ပေါ် တယုတယ ဖွဖွလေးချရင်း မေးသည်။

"တမင်ခြိမ်းခြောက်တာမဟုတ်ပါဘူး မောင်ပျာယာရယ်။ အခုပဲ ဖုန်းက သီချင်းကို နားထောင်ရင်း လမ်းလျှောက်လာလို့ ဆိုင်ကယ်တိုက်မလိုဖြစ်ပြီးပြီ မဟုတ်လား။ ကားမောင်းရင်း မိုဘိုင်းဖုန်းပြောတာ၊ ဆိုင်ကယ်စီးရင်း၊ စက်ဘီးစီးရင်း၊ အနေ့းယာဉ် အမြန်ယာဉ်တစ်စီးစီးကို မောင်းနှင်နေရင်း ဖုန်းပြောတာဟာ ယာဉ်မတော်တဆမှုတွေဖြစ်နိုင်ဖို့ ပိုများလာစေတယ်။ ဖုန်းပြောတာမှရယ် မဟုတ်ဘူး။ ဖုန်းထဲမှာထည့်ထားတဲ့သီချင်းကို နားကြပ်တပ် နားထောင်တာကြောင့်လည်း ယာဉ်မတော်တဆမှုတွေဖြစ်ပြီး အသက်အန္တရာယ်ခြိမ်းခြောက်တဲ့အထိ ဖြစ်စေနိုင်တယ်။ ဒ့ါကြောင့် မူးရင် မမောင်းရ၊ မောင်းရင် မမူးရလို့ဆိုသလိုပဲ၊ **ဖုန်းပြောရင် မမောင်းရ၊ မောင်းရင် ဖုန်းမပြောရ**ဆိုပြီးလို့တောင် သတိပေးရတော့မယ်"

"သည်တစ်ချက်တည်းကြောင့်နဲ့ ဖုန်းက ကျန်းမာရေးထိခိုက်တယ်လို့ ပြောနိုင်ရောလား" မောင်ပျာယာက မေးသည်။

"ဘယ်ကပ့ါမလဲ မောင်ပျာယာရယ်။ အဓိကဖြစ်နိုင်ပြီး ချက်ချင်းဆိုသလို တွေ့နိုင်မြင်နိုင်တဲ့ သတိပြုစရာကို အရင်ပြောပြတာပါ။ မိုဘိုင်းဖုန်းတွေ ပေါ်ခါစက ဓာတ်ငွေ့ဖြည့်တဲ့ဆိုင်တစ်ဆိုင်မှာ ဖုန်းပြောတဲ့အခါထွက်လာတဲ့ သံလိုက်လှိုင်းကြောင့်လို့ ယူဆရတဲ့ နှိုးဆွမှုကြောင့် မီးလောင်ပေါက်ကွဲမှု ဖြစ်ခဲ့ဖူးတယ်။ အဲဒီနောက်ပိုင်းစပြီး ဓာတ်ငွေ့ဆိုင်တွေ၊ ဓာတ်ဆီဆိုင်တွေမှာ မိုဘိုင်းဖုန်းပြောတာကို ကန့်သတ်ခဲ့တယ်။ လေယာဉ်မောင်းနှင်နေစဉ်နဲ့ လေယာဉ်ဆီဖြည့်တင်းနေစဉ်မှာလည်း မိုဘိုင်းဖုန်းကြောင့် မတော်တဆတွေ ဖြစ်လာမှာကြောက်လို့ အခုထက်ထိတားမြစ်ထားတုန်းပဲ။ ဆေးရုံက အရေးပေါ်ခန်းလိုမျိုး စက်ကိရိယာတွေနဲ့ အလုပ်လုပ်ကြရတဲ့ နေရာမျိုးတွေမှာဆိုရင်လည်း မိုဘိုင်းဖုန်းသုံးရင် ဖုန်းကထွက်လာတဲ့ သံလိုက်လှိုင်းတွေကြောင့် စက်တွေအလုပ်လုပ်တာ ထိခိုက်ရပ်ဆိုင်း ချွတ်ချော်တာတွေဖြစ်နိုင်တဲ့အတွက် မသုံးဖို့ သတ်မှတ်ထားကြပြန်တယ်"

"ဒါဆိုလူတွေမှာ နှလုံးရောဂါတွေ ဘာတွေရှိရင်ရော"

"သာမန်အားဖြင့်ကတော့ နှလုံးရောဂါရှင်တွေ မိုဘိုင်းဖုန်းမသုံးရဆိုပြီး ကန့်သတ်တာမျိုးမရှိပေမယ့် နှလုံးနှိုးဆွစက်တပ်ထားတဲ့သူတွေမှာတော့ အတတ်နိုင်ဆုံး မိုဘိုင်းဖုန်းကိုရှောင်သင့်တယ်။ အထူးသဖြင့် ရင်ဘတ်နားကပ်ပြီး ထည့်ထားတာမျိုး မလုပ်သင့်ဘူး"

"ကျွန်တော်သတိထားမိသလောက်တော့ ဖုန်းပြောတာကြာလာရင် ပူလာတယ်ဗျ။ နားနားကပ်ပြီး နားထောင်တာဆိုတော့ ကြာလာရင် ပါးရောနားပါ ပူလာတယ်"

"ဟုတ်တယ် မောင်ပျာယာ။ ဖုန်းပြောတာကြာလာမယ်၊ နောက်ပြီး ဖုန်းလိုင်းကလည်း သိပ်မမိတဲ့ နေရာဖြစ်မယ်ဆိုရင် ဖုန်းပူလာဖို့ပိုများတယ်။ သည်အခါမှာ အပူဓာတ်ကြောင့် ပါးနဲ့နားနေရာမှာ အရေပြားအပူလောင်တာတွေ ဖြစ်နိုင်တယ်။ ဦးနှောက်ထဲက သွေးကြောတွေထဲမှာလည်း သွေးလှည့်ပတ်မှု ပိုလာစေတယ်လို့ သုတေသနတွေမှာတွေ့ရတယ်။ တချို့သုတေသနတွေအရကတော့ မိုဘိုင်းဖုန်းသုံးတာကြာရင် ဦးနှောက်ကင်ဆာတောင်ဖြစ်စေနိုင်တယ်လို့ဆိုတယ်။ တချို့သုတေသနတွေကျပြန်တော့လည်း သိပ်မဆိုင်လှဘူးလို့ တွေ့ကြတာလည်းရှိပါရဲ့။ မိုဘိုင်းဖုန်းကထွက်လာတဲ့ သံလိုက်လှိုင်းတွေကြောင့် သွေးဖြူဥထုတ်လုပ်မှုကို ကျဆင်းစေနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်မျိုးတွေလည်းရှိတယ်။ မိုဘိုင်းဖုန်းနဲ့ ဆက်သွယ်လေ့ရှိသူတွေမှာ ခေါင်းကိုက်တာ၊ ဇက်ကြောတက်တာ၊ စိတ်ဖိစီးမှုများတာတွေတောင် ဖြစ်စေနိုင်တယ်။ သည်တော့ကြောက်တတ်တဲ့သူက ကြိုတင်သတိလေးထားပြီး ကာကွယ်တာမမှားဘူးလို့ဆိုရမှာပေါ့။ ဒါကြောင့်ပဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၁၁ ခုနှစ်က နိုင်ငံပေါင်း ၁၄ နိုင်ငံကပညာရှင် ၃၁ ဦးနဲ့ တွေ့ဆုံဆွေးနွေးပြီးတဲ့အခါမှာ မိုဘိုင်းဖုန်းသုံးစွဲခြင်းကြောင့် ကင်ဆာဖြစ်နိုင်ခြေရှိတယ်လို့ သတ်မှတ်ပေးခဲ့တာပေါ့"

"အိုး. . . ဒါဖြင့် သတိထားဖို့လိုတာပေါ့။ အိပ်ရာဘေး ဖုန်းချထားတာကျတော့ရော အန္တရာယ်ရှိသလားဆရာ"

"သိပ်ရှိတာပေါ့။ ဖုန်းကထုတ်လွှတ်တဲ့ သံလိုက်လှိုင်းတွေဟာ ဦးနှောက်ကို ထိုးဖောက်ဝင်ရောက်နိုင်ဖွယ်ရှိတယ်လို့ ပညာရှင်တွေက ယူဆကြတယ်။ အိပ်နေချိန်မှာ အနားမှာဖုန်းရှိနေခြင်းကြောင့် အိပ်စက်မှုကို ထိခိုက်စေနိုင်တယ်။ ဦးနှောက်တွင်း ပုံမှန်လျှပ်စစ်လှိုင်းစီးဆင်းမှုတွေကို ထိခိုက်စေနိုင်တယ်"

"အင်း ဒါဖြင့်ဖုန်းကို ခါးမှာပဲချိတ်ထားတာကောင်းမယ်နဲ့တူတယ်။"

"ခါးမှာ မိုဘိုင်းဖုန်းကိုချိတ်ထားခဲ့ရင် မျိုးပွားစနစ်ကို ထိခိုက်နိုင်ဖွယ်ရှိတယ်လို့ သိရတယ်။ ၂၀၀၉ ခုနှစ်အထိ သုတေသနပေါင်း ၁၀၁ ခုထဲက ၄၉ ခုမှာ မျိုးပွားစနစ်ကို ထိခိုက်စေနိုင်တယ်ဆိုတာတွေ့ရှိခဲ့တယ်။ သည်တော့ ခါးမှာ အမြဲချိတ်ထားတာလည်း မကောင်းပြန်ဘူး"

"ဖုန်းကို နားကြပ်တပ်ပြီး နားထောင်တာကျတော့ရော"

"အဲဒါလည်းဆိုးတာပဲ မောင်ပျာယာရဲ့။ ဖုန်းတွေမှာ နားကြပ်ပလပ်ထိုးလိုက်တာနဲ့ နားကြပ်ကြိုးက အင်တင်နာ အလိုလိုဖြစ်သွားတယ်။ အဲ့ဒီအခါ ဦးနှောက်ထဲ သံလိုက်လှိုင်းတွေ ဝင်ဖို့ပိုများသွားစေတယ်"

"အောင်မယ်လေး ဒေါက်တာမြတ်ရယ်။ ဖုန်းကလေးကိုင်နိုင်လို့ ဝမ်းသာနေခါရှိသေး။ ဖုန်းကလည်း ကြောက်စရာတွေပါလား။ ဒါပေမယ့် လူတွေအများကြီး သုံးနေကြတာပဲလေ။ ဒေါက်တာပြောတာ ဟုတ်ပ့ါမလား"

"တချို့ဖြစ်စဉ်တွေက ချက်ချင်းဖြစ်တာမဟုတ်ဘူး မောင်ပျာယာရဲ့။ နှစ်ပေါင်းများစွာကြာမှ တစ်တိတစ်တိနဲ့ ဖြစ်လာတာတွေရှိတယ်။ နောက်ပြီးတစ်ယောက်နဲ့တစ်ယောက်လည်း အန္တရာယ်ပိုရှိတာ၊ အန္တရာယ်နည်းပါးတာတွေ ဖြစ်နိုင်စေတဲ့ အချက်တွေရှိတယ်။ ဒါတွေကတော့ ဖုန်းပြောတဲ့ အကြိမ်အရေအတွက်နဲ့ ကြာချိန်၊ ဖုန်းလိုင်း ကောင်းကောင်းမိ မမိ၊ မိုဘိုင်းတာဝါတိုင်နဲ့ အနီးအဝေး၊ ဟန်းဆက်အမျိုးအစား၊ ဖုန်းနဲ့ကိုယ်ခန္ဓာ ကပ်ပြော မပြောစတာတွေပဲ။ တစ်နေ့ပျမ်းမျှ ၅ မိနစ်အောက်ပဲ ဖုန်းပြောတဲ့သူဆိုရင် အန္တရာယ်က မရှိသလောက်နည်းတယ်။ ဖုန်းပြောတာကြာလေလေ၊ ခဏခဏပြောလေလေ၊ လိုင်းကောင်းကောင်း မမိတဲ့နေရာ၊ တာဝါတိုင်နဲ့ဝေးတဲ့နေရာမှာ ပြောလေလေ ကျန်းမာရေးထိခိုက်ဖို့ များလေလေပဲ။ နောက်တစ်ချက်က ဖုန်းတွေမှာ SAR (Specific Absorption Rate) ဆိုတဲ့ ဖုန်းကနေ လျှပ်စစ်သံလိုက်လှိုင်း ဘယ်လောက်ထုတ်လွှတ်နိုင်သလဲဆိုတဲ့ နှုန်းတစ်ခုရှိတယ်။ ဖုန်းဝယ်ရင် SAR ဘယ်လောက်လဲဆိုတာ ကြည့်တတ်ရမယ်။ SAR မြင့်လေလေ အန္တရာယ်ပိုလေလေပဲ"

"ဒါဖြင့် ကလေးတွေကို မိုဘိုင်းဖုန်းပေးသုံးလို့ဖြစ်ပ့ါမလား"

"အခြေအနေအရ လိုအပ်ရင်တော့ ပေးသုံးနိုင်ပါတယ်။ ဒါပေမယ့် ဖြစ်နိုင်ရင်တော့ ပေးမသုံးတာပိုကောင်းတယ်။ ကလေးတွေရဲ့ ဦးခေါင်းခွံက ပိုပါးတဲ့အတွက် လျှပ်စစ်လှိုင်းတွေထိုးဖောက်ဝင်ရောက်နိုင်ခြေများတယ်။ ဒ့ါကြောင့် ကလေးအရွယ်မှာ မိုဘိုင်းဖုန်းမသုံးတာ အကောင်းဆုံးပဲ။ တချို့သုတေသီတွေကတော့ အသက် ၂၀အောက်တွေတောင် ဖုန်းကြာကြာပြောတာ မကောင်းဘူးဆိုပြီး ထောက်ပြထားတာတွေရှိတယ်။ အသက် ၂၀ အောက်တွေအနေနဲ့ SMS လောက်ပဲ ပို့သင့်တယ်လို့ တောင်းဆိုကြတယ်"

"ကျွန်တော့်စိတ်ထဲ မိုဘိုင်းဖုန်းသုံးတာ အဲ့သည်လောက် သတိထားစရာများမှန်း မသိခဲ့ဘူး"

"ကဲ မောင်ပျာယာ သည်အတိုင်းပြောနေရင် ခဏနေတာနဲ့ မင်းလည်းမေ့သွားမှာပဲ။ သည်တော့ ဆရာရှာပြီးရေးထားတဲ့ မိုဘိုင်းဖုန်းဆိုင်ရာ ရှောင်ရန် ဆောင်ရန်တွေကို ပေးလိုက်မယ်။ ဖတ်ကြည့်ပေရော့"

ဒေါက်တာမြတ်ပေးသော စာရွက်ကို မောင်ပျာယာက ဝမ်းသာအားရယူကာ အသံထွက်၍ အောက်ပါအတိုင်းဖတ်ကြည့်လေသည်။

၁။ အရေးပေါ်အခြေအနေမှအပ ကလေးငယ်များကို မိုဘိုင်းဖုန်းပေး မသုံးသင့်ပါ။ ကလေးများတွင် ဦးနှောက်နှင့် အာရုံကြောများကို ပိုမို ထိခိုက်စေနိုင်သည့်အပြင် နှစ်ပေါင်းများစွာ အသက်ရှင်နေထိုင်ရာတွင် ကျန်းမာရေးပြဿနာများ ဖြစ်စေနိုင်သည်။

၂။ ခေါင်းအုံးနားတွင် လက်ကိုင်ဖုန်းထားပြီးမအိပ်ရ။ အိပ်ချိန်တွင် လက်ကိုင်ဖုန်းကို ပိတ်ထားပါ။ အရေးပေါ်ဆက်သွယ်မှုလိုအပ်ပါက အိပ်ရာနှင့် ဝေးဝေးထားပါ။ ဖုန်းကို နှိုးစက်အဖြစ်သုံးပြီး အိပ်ရာနား ထားခြင်းထက် သာမန်နာရီနှိုးစက်ကိုသာသုံးပါ။

၃။ ကိုယ်ဝန်ဆောင်စဉ်တွင် လနုစဉ်၌ အတတ်နိုင်ဆုံး မိုဘိုင်းဖုန်း ပြောဆိုမှုမှ ရှောင်ပါ။ ဖုန်းမှ သံလိုက်လှိုင်းများကြောင့် နုနယ်သောသန္ဓေသားကို ထိခိုက်နိုင်ဖွယ်ရှိပါသည်။

၄။ လက်ကိုင်ဖုန်းဖြင့် ပြောချိန်ကို အတတ်နိုင်ဆုံးလျှော့ချပါ။ လိုရင်းတိုရှင်းပြောပါ။ နှစ်မိနစ်ကြာဖုန်းပြောပြီးတိုင်း ဦးနှောက်တွင်း ပုံမှန်လျှပ်စစ်လှိုင်းစီးဆင်းမှုကို တစ်နာရီကြာပြောင်းသွားစေနိုင်ပါသည်။

၅။ ဖုန်းဆက်ရာတွင် ကြိုးဖုန်းကို ပထမဦးစားပေးသုံးပါ။ မိမိဆက်သွယ်မည့်သူထံသို့လည်းကြိုးဖုန်းကို အရင်ဆက်ပါ။ မရမှသာမိုဘိုင်းဖုန်းကိုခေါ်ပါ။

၆။ မိုဘိုင်းဖုန်းကို အတတ်နိုင်ဆုံး ကိုယ်ခန္ဓာနှင့် ဝေးဝေးထားပြီး သယ်ဆောင်ပါ။ အကာအကွယ်၊ အိတ်စသည်ဖြင့် ထည့်သယ်ပါ။ မိုဘိုင်းဖုန်းထည့်ရာတွင် ခလုတ်ပါသောဘက်/စကရင်ပါသောဘက်ကို ကိုယ်ခန္ဓာဘက်ကပ်လျက်ထားပါ။ သို့မှသာ ဖုန်းမှအင်တင်နာများသည် ခန္ဓာကိုယ် ပြင်ပသို့ ဦးတည်ဖမ်းယူနေမည်ဖြစ်ပါသည်။

၇။ ဖုန်းပြောလျှင် အနည်းငယ်ခွာပြောပါ။ နှစ်လက်မ(ငါးစင်တီမီတာခန့်) ခွာပြောလျှင်ပင် ထိကပ်ပြီးပြောသည်ထက် သံလိုက်လှိုင်းသင့်မှု ၇၅ ရာခိုင်နှုန်း သက်သာလျော့နည်းစေပါသည်။

၈။ လက်ကိုင်ဖုန်းကို ခါးတစ်ဝိုက်တွင် ချိတ်ပြီးသယ်ဆောင်ခြင်းကြောင့် တင်ပါးဆုံရိုးများမှ သွေးဆဲလ်ထုတ်လုပ်မှုကို လျော့နည်းစေနိုင်ပါသည်။ အမျိုးသားများတွင် မျိုးပွားစွမ်းရည် ကျဆင်းစေနိုင်ပါသည်။

၉။ လက်ကိုင်ဖုန်းကို နားကြပ်ကြိုးတပ်ကာ တာရှည်မသုံးသင့်ပါ။ ဖုန်းမှ နားကြပ်တပ်၍ရေဒီယိုနားထောင်ခြင်း၊ တာရှည်သီချင်းနားထောင်ခြင်းကြောင့် ဖုန်းမှထုတ်သည့်သံလိုက်လှိုင်းများ ဦးခေါင်းဆီ တိုက်ရိုက်ဦးတည်နေစေပါသည်။

၁၀။ သတ္တုကိုယ်ထည် အလှောင်ပိတ်အခန်းမျိုး(ဥပမာ- စက်မောင်းခန်း၊ လေယာဉ်အတွင်း၊ ဓာတ်လှေကားအတွင်း၊ ရထားအတွင်း)တွင် ရှိနေစဉ် အတတ်နိုင်ဆုံး မိုဘိုင်းဖုန်းမသုံးရ။

၁၁။ အလျင်အမြန် သွားလာနေသော ကား၊ ရထား စသည်တို့ စီးနင်းနေစဉ်တွင် ဆက်သွယ်ရေးတာဝါတိုင်များနှင့် ဝေးလိုက်နီးလိုက်ဖြစ်နိုင်သဖြင့် သံလိုက်လှိုင်းပိုများများထုတ်နိုင်ပါသည်။ ထိုအချိန်တွင် ဖုန်းပိတ်ထားပါ။

၁၂။ မိုဘိုင်းဖုန်းအသစ်ဝယ်ပါက SAR နိမ့်သော အမျိုးအစားကို ဦးစားပေးရွေးဝယ်ပါ။

၁၃။ အကောင်းဆုံးမှာ မိုဘိုင်းဖုန်းကို မလိုအပ်ဘဲ ကိုင်မထားသင့်ပါ။ အတတ်နိုင်ဆုံးလျှော့သုံးပါ။

"ဟုတ်ပြီ ဆရာရေ။ ထုံးစံအတိုင်းမသိသေးတဲ့သူတွေကို သည်အကြောင်းတွေပြောပြရဦးမယ်။ ကျွန်တော်တို့က ခေတ်မီပစ္စည်းတွေဆိုတိုင်း အားလုံးကောင်းတယ်ပဲထင်နေတာကိုး။ ကောင်းတာတွေမှန်ပေမယ့် သတိထားသင့်တာတွေကို သတိထားမှ ရေရှည်ကျန်းမာမှာဆိုတော့ ဒေါက်တာမြတ်ပြောတာတွေကို သတိလေးထားပြီး ဖုန်းကိုသုံးပ့ါမယ်။ ကဲဆရာသမားရေ လိုလိုမည်မည် ကျွန်တော့်နံပါတ်လေးတော့ မှတ်ထားလိုက်ဦးနော်"

မောင်ပျာယာက ဒေါက်တာမြတ်ဖုန်းနံပါတ်ကို သူ့ဖုန်းဖြင့် ရိုက်ထည့်ခေါ်ဆိုလိုက်ပြီး နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

သီပေါမြို့ပေါ်နှင့် ကျေးရွာများ ရေဖြန့်ဝေ

သီပေါ မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ယခုနှစ်နွေရာသီ ကာလ၌ အပူရှိန်မြင့်မားမှုကြောင့် မြို့နယ်၏ အသက်သွေးကြောဖြစ်သည့် ဖာဖိတ်ဆည်ကြီးမှာ ရေလျော့နည်းကာ မြို့ပေါ်ရပ်ကွက်များနှင့် စံဖိတ်၊ ရွှေပြည်သာကွက်သစ်တို့တွင် ရေတွင်း ရေကန်များခန်းခြောက်ပြီး သောက်သုံးရေ အခက်အခဲနှင့် ကြုံတွေ့နေကြရသည်။

သို့ဖြစ်၍ ယနေ့မှစပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦး၏ ကြီးကြပ်မှုဖြင့် စည်ပင်ဝန်ထမ်းများအဖွဲ့၏ စက်ရေတွင်းမှတူးဖော်ရရှိသည့် သန့်ရှင်းသော သောက်သုံးရေများကို ရေဂါလန် ၁၅၀၀ဆံ့ ရေစည်ကားဖြင့် အိမ်တိုင်ရာရောက် စဉ်ဆက်မပြတ် အခမဲ့ ဖြန့်ဝေပေးလျက်ရှိသဖြင့် **(ယာပုံ)** ပြည်သူများ ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။

စိုင်း(သီပေါ)

ကောက်လှိုင်း
စပါး
မီးနား
မထားနှင့်

အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလားဟော်ကီပြိုင်

ရန်ကုန် မေ ၄

၂၀၁၃ ခုနှစ် ဒသမအကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအမှတ်ပေး ဟော်ကီပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဟော်ကီအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့်မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ပထမနေ့ပွဲအဖြစ် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန လူငယ် အသင်းတို့ ယှဉ်ပြိုင်ကြပြီး (ဝဲပုံ)ပြိုင်ပွဲ ကို မေ ၄ ရက် မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **တင်စိုး(မြန်မာ့အလင်း)**

လှိုင်မြို့နယ် ရန်ကုန်အင်းစိန်လမ်းမ မြန်မာ့စီးပွားရေး ဘဏ်ရှေ့တွင် မေ ၃ ရက် ညပိုင်းတွင် ရန်ကုန်မှ အင်းစိန်သို့ မောင်းနှင်လာသော ယာဉ်အမှတ် ၂က/---သည် လမ်းလယ် ဓာတ် တိုင် ကို ဝင်တိုက်မိရာ ဓာတ်တိုင်မှာ ကားနှင့် အတူ ပေ ၁၀၀ခန့် အကွာသို့ ချိတ်ပါသွားသည်ကို တွေ့ရစဉ်။
ရန်နိုင်ဝင်း(လှိုင်)

✻ *ကျောဖုံးမှ*

အထူးသဖြင့် ရုံးပိတ်ရက်ဖြစ်သော တနင်္ဂနွေနေ့နှင့် လပြည့်ရက်များတွင် ပို၍ စည်ကားကြောင်း သိရသည်။

ဒီးဒုတ်ရေတံခွန်၊ ရေပြာစမ်း (**အပေါ်ပုံ**)နှင့် ဒီးဒုတ်လိုဏ်ဂူသို့ အလွယ်တကူ သွားရောက်လေ့လာနိုင်သည်။ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှ ဖောက်လုပ်ထားသော ကွန်ကရစ်လမ်းမကြီးကြောင့် နွေ၊ မိုး၊ ဆောင်းသုံးရာသီစလုံး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ အလွယ်တကူ သွားနိုင်သည်။ ရေပြာအိုင်ထဲတွင် ဗောကွင်းများဖြင့် ရေချိုးနိုင်ခြင်း၊ တောင်ပေါ်မှနေ၍ သဘာဝရှုခင်းများ ကြည့်ရှုနိုင်ခြင်း၊ သဘာဝလေကောင်းလေသန့်များ ရှူရှိုက်၍ မိမိမရောက်ဖူးသော ဒေသ၊ သဘာဝတောတောင်အလှများကို တဝကြီး လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

သင့်ကြောင့်
မီးမလောင်
ပါစေနှင့်

■ *ကျောဖုံးမှ*

ကုန်သွယ်ဖက် နိုင်ငံအသီးသီးအကြား ဥပဒေရေးရာကိစ္စရပ်များအား ကြားခံတာဝန်ယူရှင်းလင်းပေးသည့် အနေနှင့် ရပ်တည်သွားမည်ဖြစ်ကာ ဂျပန်နိုင်ငံအပါအဝင် တရုတ်နိုင်ငံ၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများတွင်လည်း အလားတူရုံးခွဲများ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

"မေလအတွင်းမှာ ဖွင့်လှစ်နိုင်အောင် ရုံးလုပ်ငန်းပိုင်းကိစ္စတွေ ဆောင်ရွက်နေပါပြီ။ ကျွန်တော်တို့လိုမျိုး ရှေ့နေလုပ်ငန်းဆောင်တာ ကုမ္ပဏီအများစုကလည်း ဖွံ့ဖြိုးဖို့ အလားအလာ အလွန်အားကောင်းနေတဲ့ မြန်မာနိုင်ငံကိုလာရောက်ပြီးအခြေစိုက်ရုံးတွေဖွင့်ဖို့ တာစူနေကြပါတယ်"ဟု ဂျပန်ဥပဒေပညာရှင်က ပြောကြားသည်။ **ခင်ရတနာ**

❀ *ရှေ့ဖုံးမှ*

မိကျောင်းရဲ ဘက်ကမ်း၌ ၁၉၂၇ ပေ၊ မလွန်ဘက်ကမ်း၌ ၂၀၁၂ ပေ ပါဝင်တည်ဆောက်ခဲ့ရသော တံတားကြီးဖြစ်သည်။ စီမံကိန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၃၉၆၉၃ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်ဟု သိရသည်။

ရာနှုန်းပြည့်ပြီးနေပြီဖြစ်ပြီး မကြာမီဖွင့်လှစ်တော့မည့် မလွန်တံတားကြီးနှင့်ပတ်သက်၍ တာဝန်ယူတည်ဆောက်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့လေးမှ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်း(မြို့ပြ)အား တံတားစီမံကိန်းတည်ရှိရာ မကွေးတိုင်းဒေသကြီး မကွေးခရိုင်ရွာသစ်ကျေးရွာ၊ စစ်ကိုးပင်ကျေးရွာ အနီး မိကျောင်းရဲပဌနဂိုရ်ကားလမ်း အနီးသို့ ကျွန်တော်တို့ သတင်းအဖွဲ့ သွားရောက်၍ တွေ့ဆုံမေးမြန်းခဲ့ရာ အင်ဂျင်နီယာမှူးကြီးက "ဤတံတားကြီးသည် ကားနှင့်မီးရထားနှစ်မျိုးသွားနိုင်အောင် တည်ဆောက်ထားသည့် တံတားဖြစ်ပြီး ဧရာဝတီမြစ်ကြီး၏ ပေ ၂၉၀၀ အကျယ်ရှိ မြစ်ကျဉ်းနေရာတွင် တည်ဆောက်ထားသည့်အတွက် တံတားအောက်မှ သင်္ဘောများအန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ကားများနှင့်လည်း တံတားကြီးပေါ်မှ ဖြတ်ကာ မလွန်ဘက်ကမ်း ချဉ်းကပ်လမ်းမှ ကားနှင့် ငါးမိုင်ခွဲခန့် မောင်းသွားလျှင် မလွန်မြို့သို့ ရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပုသိမ်-မုံရွာကားလမ်းပေါ်မှ ပုသိမ်သို့ လည်းကောင်း၊ မုံရွာသို့လည်းကောင်း သွားနိုင်ကြောင်း။

၎င်းနောက် မိကျောင်းရဲဘက်သစ်ရာကောက်-ပဌနဂိုရ် ကားလမ်းမှ ပြည်-အောင်လံ-မကွေး ကားလမ်းပေါ်တက်ပြီး ပြည်သို့လည်းကောင်း၊ မကွေး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ပုဂံ၊ ညောင်ဦးရှိ ပခုက္ကူ တံတားကြီးပေါ်တက်ပြီး တမူးအထိ သွားနိုင်မည်ဖြစ်သလို မကွေး-ကံပြားလမ်းမှ နေပြည်တော်၊ ၎င်းနောက် ရန်ကုန်-မန္တလေးအမြန်လမ်းကို အသုံးပြုပြီး ပဲခူးမှတစ်ဆင့် မော်လမြိုင်- ဘားအံ- ကော့ကရိတ်- မြဝတီအထိ သွားနိုင်ကြောင်းကို ပြောပြလိုက်သည်။

တံတားကြီး တည်ဆောက်စကမလွန်ဘက်ကမ်းရှိ ဘိုးပိုင်များတူးရာတွင် ဧရာဝတီမြစ်အတွင်းက ရှေးဟောင်း ရွှေစလွယ်ကြိုးတွေ့ခြင်း၊ ပရလောကသားများက တာဝန်ခံအင်ဂျင်နီယာမှူးကြီးအား အိပ်မက်ပေး၍ နေရာတောင်းခြင်း၊ တံတားစီမံကိန်းမှ မြေတူးမြေကော်စက်ကြီးများ၏ လုပ်ငန်းခွင်ဓာတ်ပုံမှတ်တမ်းရိုက်ရာတွင် ပရလောကသားများက ရှေ့မှပြေးလွှားနေရပုံများကို ဒီဂျစ်တယ်ကင်မရာ၌ ပေါ်လာခြင်းတို့နှင့် ကြုံခဲ့ရသည်ဟု သိရသည်။

ထိုကိစ္စများအနက် ဧရာဝတီမြစ်အတွင်းမှ ရရှိခဲ့သော ရှေးဟောင်းရွှေစလွယ်ကြိုးကြီးကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲအပ်ပေးခဲ့ပြီး ဒီဂျစ်တယ်ကင်မရာမှပေါ်လာသော ပရလောကသားပုံတို့ကို မိမိဝန်ကြီးဌာနသို့ တင်ပြ၍ တာဝန်ခံ အင်ဂျင်နီယာမှူးကြီးက ပရလောကသားများအတွက် နေရာကို မလွန်ဘက်ကမ်းရှိ ဘုရားစေတီ၏ အောက်သို့ ရွှေ့ပေးကြရန် နေရာသတ်မှတ်ပေးခဲ့ရသည်ဟု သိရသည်။

တံတားကြီး တစ်ဖက်ကမ်းရှိ မလွန်မြို့ဝန်းကျင်တွင် မြသပိတ်စေတီတော်နှင့်ရှေးဟောင်းဘုရားများ၊ တရားအားထုတ်ရာကျောက် ဂူများ၊ မင်းတုန်းမင်းတရားကြီး ကိုးကွယ်တော်မူသည့် ပထမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး သတင်းသုံးတော်မူခဲ့သော ရွှေကျင်ဂူတောရကျောင်းနှင့် မြန်မာပြည်သူတို့အား ဇာတိသွေး ဇာတိမာန်တက်ကြွစေမည့် မင်းလှခံတပ်၊ ဂွေးချောင်းခံတပ် စသည့် ရှေးဟောင်းသမိုင်းဝင် နေရာများ တံတားကြီးအနီးတွင် ရှိကြသည်ဟု သိရသည်။

မကြာမီ ဖွင့်လှစ်တော့မည့် ဧရာဝတီတံတား(မလွန်)သည် ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်းမှ ပြည်သူတို့အား အလုပ်အကြွေးပြုရင်း ဧရာဝတီမြစ်ကြီးပေါ်၌ ထာဝရလဲလျောင်းလျက်ရှိနေတော့မည်ဖြစ်သည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့်မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ် စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနားများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့်၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြား ငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၄

ရွှေဈေး

အကယ်ဒမီ အခေါက်ရွှေ	၁ကျပ်သား	၇၁၀၃၀၀
၁၅ပဲရည်(အောင်သမာဓိ)	၁ကျပ်သား	၆၇၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

အမေရိကန်	(၁ဒေါ်လာ)	၈၉၀
ဥရောပ	(၁ယူရို)	၁၁၅၆
စင်ကာပူ	(၁ဒေါ်လာ)	၁၇၆
တရုတ်	(၁ယွမ်)	၁၃၇
ထိုင်း	(၁ဘတ်)	၂၈. ၄၂
အိန္ဒိယ	(၁ရူပီး)	၁၆. ၁၁

စက်သုံးဆီဈေးနှုန်းများ

ဓာတ်ဆီ	၁လီတာ	၈၁၅
ဒီဇယ်ဆီ	၁လီတာ	၉၀၀
အောက်တိန်း ၉၂	၁လီတာ	၈၇၀
အောက်တိန်း ၉၅	၁လီတာ	၁၀၇၈

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

၁။	ငါးကြင်း	၂၂၀၀-၄၀၀၀
၂။	ငါးခူ	၃၅၀၀-၆၀၀၀
၃။	ငါးရံ့	၂၈၀၀-၅၂၀၀
၄။	ငါးမြစ်ချင်း	၁၈၀၀-၂၂၀၀
၅။	ငါးသလောက်	၅၀၀၀-၃၈၀၀၀
၆။	တီလားပီးယား	၁၇၀၀-၂၂၀၀
၇။	ကြက်	၄၀၀၀-၉၀၀၀
၈။	ဝက်	၃၅၀၀-၈၀၀၀
၉။	အမဲ	၃၀၀၀-၆၀၀၀
၁၀။	ဆိတ်	၉၀၀၀-၁၅၀၀၀
၁၁။	ငါးဖယ်	၄၀၀၀-၇၀၀၀

ခင်ရတနာ-စုစည်းသည်

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော် တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် မွန်ဂိုလီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၄

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ည ၁၀ နာရီ ၁၅ မိနစ်တွင် မွန်ဂိုလီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မွန်ဂိုလီးယားသမ္မတ Tsakhiagiin Elbegdorj ၏ ဖိတ်ကြားချက်အရ ဧပြီ ၂၇ ရက်တွင် မွန်ဂိုလီးယားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းနိုင်ငံ၌ ကျင်းပသည့် ဒီမိုကရေစီနိုင်ငံများ အသိုင်းအဝိုင်းအဖွဲ့၏ (၇) ကြိမ်မြောက်ဝန်ကြီးအဆင့် ညီလာခံသို့ တက်ရောက်ခဲ့ကြောင်း၊ အဆိုပါညီလာခံ၌ ဒေါ်အောင်ဆန်းစုကြည်အား Geremek Award ဆုကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မွန်ဂိုလီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာစဉ်။ (သတင်းစဉ်)

❋ *ရှေ့ဖုံးမှ*

ဆောင်ရွက်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးထုတ်လုပ်နိုင်မှသာ နိုင်ငံခြားဈေးကွက်များမှ ယုံကြည်စိတ်ချလက်ခံစားသုံးဝယ်ယူ ကြမည်ဖြစ်သည့်အတွက် ဘေးကင်းလုံခြုံစိတ်ချရမှု၏ အရေးပါမှုကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် ဓာတုဆေးဝါးများ၏ အန္တရာယ်ကို စိုးရိမ်မှုများရှိနေကြ၍ လူတိုင်းအသက်ရှည်ကျန်းမာ ဘေးကင်းစွာစားနိုင်သည့် ဓာတုကင်းလွတ်စိုက်ပျိုးရေးကို နိုင်ငံနှင့်အဝန်း ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးပညာပေးစည်းရုံး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ခေတ်မီ စက်မှုလယ်ယာမြေစနစ် ကူးပြောင်းနိုင်ရေးအတွက် နိုးကြားသော ပြည်တွင်းကုမ္ပဏီများအနေဖြင့် တန်ဖိုးကြီးသော ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရေး ပါဝင် ဆောင်ရွက်နေမှုအပေါ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

BAJ, JICA, UNICEF စတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ရေရှားပါးတဲ့ ဒေသတွေမှာ ရေရရှိရေးအတွက် အတတ်နိုင်ဆုံး တူးဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။

ကျေးလက်နေ ပြည်သူများအတွက်ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ ဝမ်းမြောက်စရာ ဆောင်ရွက်ချက်တွေအနေနဲ့ကတော့ အပူပိုင်းဇုန်တွေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးသုံးခု အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရေပေးဝေရေးလုပ်ငန်းပေါင်း ၃၅ ခုစီဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီဟာတွေက တွင်းတိမ်၊ တွင်းနက်နှင့်လက်ယက်တွင်းများ တူးဖော်ခြင်း၊ ရေကန်များ၊ တာပိတ်ဆည်များတည်ဆောက်ပေးခြင်း၊ စိမ့်စမ်းရေသွယ်တန်းပေးခြင်းလုပ်ငန်းတွေ ဖြစ်ပါတယ်။

အလှူရှင်တွေ လှူဒါန်းတဲ့ လှူဒါန်းငွေတွေကို အလှူရှင်တွေရဲ့ ဆန္ဒအရ သူတို့လှူချင်တဲ့ဒေသ၊ မြို့၊ ကျေးရွာတွေမှာ သူတို့လှူချင်တဲ့ ရေတွင်း၊ ရေကန်အတိုင်းရန်ပုံငွေခွဲဝေပြီး ဆောင်ရွက်ပေးပါတယ်။ အလှူရှင်တွေက ရေခက်ခဲရှားပါးတဲ့ ဘယ်နေရာမှာပဲလှူလှူလို့ ဆိုခဲ့ရင် ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကတင်ပြချက်အပေါ် မူတည်ပြီး ရန်ပုံငွေကို ခွဲဝေအသုံးပြုပါတယ်။ အလှူရှင်တွေ ဝမ်းမြောက်ပီတိဖြစ်နိုင်ဖို့ ရေတွင်း၊ ရေကန်တွေ တည်ဆောက်ပြီးစီးမှုနှင့် ရေရှားပါးခက်ခဲတဲ့ပြည်သူတွေ အမှန်တကယ် ရယူသုံးစွဲနေတဲ့ မှတ်တမ်းဓာတ်ပုံတွေကိုလည်း အလှူရှင်တွေထံပို့ပေးပါတယ်။ နောက်တစ်ခုက တွင်းတိမ်၊ တွင်းနက်တွေ တူးဖော်တဲ့အခါမှာလည်း ကျွန်တော်တို့ဆီက စက်ရေတွင်းတူးဖော်စက်ကြီး ၂၀ နဲ့ တူးဖော်ပေးပါတယ်။

ဦးလှသိန်းအောင်
ဒုတိယအင်ဂျင်နီယာချုပ်
ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာန

ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့တာဝန်ထဲမှာ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ရန်ဆိုတာ ပါဝင်ပါတယ်။ ဒါကြောင့် ကျေးလက်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အလှူရှင်တွေပါဝင်လာနိုင်ရန်နဲ့ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလှူဒါန်းနိုင်အောင် သတင်းစာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှာ ကြော်ငြာများထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်တဲ့ UNICEF နဲ့ဆိုရင် သောက်သုံးရေရှားပါးတဲ့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ အင်းလေးဒေသအချို့မှာ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ BAJ နဲ့ သုံးနှစ်စီမံကိန်းဖြစ်ပြီး JICA နဲ့က ငါးနှစ်စီမံကိန်းဖြစ်ပါတယ်။ သူတို့နဲ့ ပူးပေါင်းပြီး သောက်သုံးရေရှားပါးတဲ့ မကွေးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ စက်ရေတွင်း ၂၀ ကို တူးဖော်ခဲ့ပါတယ်။

ဦးလှသိန်းအောင်
ဒုတိယအင်ဂျင်နီယာချုပ်
ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာန

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ၂၀၁၂ ခုနှစ် ဇွန်လ ၇ ရက်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ဖြည့်စွက် ရန်ပုံငွေနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ တစ်တိုင်းကို လုပ်ငန်း ၃၀ နဲ့ ရေရရှိရေးလုပ်ငန်းပေါင်း ၆၀၀ ကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၆၅၂၂ ဖြင့် စတင်ခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တိုင်းတစ်တိုင်းကို ၃၅ ရွာနဲ့ လုပ်ငန်းပေါင်း ၇၀၀ လုပ်ကိုင်ဆောင်ရွက်ဖို့ လျာထားပါတယ်။ ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၇၂၈၆ ဒသမ ၄၅ ဖြစ်ပါတယ်။ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တစ်နိုင်ငံလုံးက အလှူရှင်တွေကို ဖိတ်ခေါ်ပါမယ်။ ငွေလှူဒါန်းပွဲများ ကျင်းပခဲ့တာလည်း (၁၉)ကြိမ်ရှိပြီဖြစ်ပါတယ်။ ရရှိတဲ့အလှူငွေနဲ့ ရေရှားပါးတဲ့ ဒေသတွေမှာ ရေတွင်း၊ ရေကန်များကို တူးဖော်ဆောင်ရွက်ခဲ့ပါတယ်။ စေတနာရှင်ပြည်သူများအနေဖြင့် ရေရှားပါးသောဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၃၆၂၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)ဖုန်း-၀၆၇-၄၀၉၄၀၉၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၁-၂၀၂၇၁၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။

သောက်သုံးရေ အခက်အခဲ၊ ပြတ်လပ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ တိုက်ရိုက်ဆက်သွယ် အကူအညီတောင်းခံနိုင်ပါတယ်။

ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း၏ အမျိုးသားသတင်းဆုကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆု (National Press Award) ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ပထမအကြိမ်မြောက် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲတွင် ဆုငါးဆု ချီးမြှင့်နိုင်ခဲ့ပြီး ယခု ဒုတိယအကြိမ်မြောက်တွင် ဆုခြောက်ဆု ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ယခုအကြိမ်ချီးမြှင့်သည့်ဆုများမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်ထုတ် The Myanmar Independent News Journal တွင် ပါရှိသည့် "အသွင်မတူမှုနှင့် ပဋိပက္ခအသွင်ပြောင်းခြင်း" အယ်ဒီတာ့အာဘော်က အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆု၊ ၂၀၁၂ ခုနှစ် မတ်(၁၂-၁၈)ရက်ထုတ် The Voice ဂျာနယ်မှ "ဝန်ကြီးဌာနအချို့၏ ကျပ်သိန်းထောင်ချီ အလွဲသုံးစားမှုများ စစ်ဆေးတွေ့ရှိ" သတင်းက အကောင်းဆုံးသတင်းဆု၊ ၂၀၁၂ ခုနှစ် မတ်၂၆-ဧပြီ ၁ ရက်ထုတ် The Voice ဂျာနယ်မှ အောင်ဘိုဘိုရှိန်နှင့် ကျော်စွာစိုးတို့ ရေးသားသည့် "မြစ်ဆုံပြန်စမည်လော" သတင်းဆောင်းပါးက အကောင်းဆုံး သတင်းဆောင်းပါးဆု၊ ၂၀၁၂ ခုနှစ် မတ် ၇ ရက် ထုတ် မော်နီတာသတင်းဂျာနယ်မှ ဇော်မင်းနိုင်၏ "ကယားပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆွေးနွေးပွဲ" ဓာတ်ပုံက အကောင်းဆုံးသတင်း ဓာတ်ပုံဆု၊ The Voice ဂျာနယ်အတွဲ(၈) အမှတ် (၁၈)မှ ကျော်သူရိန်၏ ကာတွန်းက အကောင်းဆုံးသတင်းကာတွန်းဆု၊ MNTV မှ "မီဒီယာဖိနှိပ်မှုနှင့် လူငယ်သတင်းသမားများ" ရုပ်သံသတင်းက အကောင်းဆုံး ရုပ်သံသတင်းဆုတို့ ဖြစ်သည်။

အခမ်းအနားတွင် အမျိုးသားသတင်းဆုကော်မတီအတွက် CB Bank ဥက္ကဋ္ဌက ငွေကျပ်သိန်း ၇၀၊ တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက ငွေကျပ်သိန်း ၆၀၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်း၊ DVB ရုပ်သံလိုင်းက ငွေကျပ် ငါးသိန်းတို့ကို

ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

လှူဒါန်းရာ အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌ ဦးဝင်းငြိမ်းက လည်းကောင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အတွက် CB Bank ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၇၀ နှင့် ထွန်းဖောင်ဒေးရှင်းဘဏ်က ငွေကျပ်သိန်း ၃၀ တို့ကို လှူဒါန်းရာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဥက္ကဋ္ဌ ဦးခင်မောင်အေးကလည်းကောင်း လက်ခံခဲ့ကြသည်။

(သတင်းစဉ်)

ရင်းနှီးမြှုပ်နှံ...
အစိုးရဌာန၊ အ...

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်...
လုပ်ငန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝ...
သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်...
တင်ဒါစည်းကမ်းချက်များကို ထုတ်ပြန်ခဲ့...

အဆိုပါ တင်ဒါစည်းကမ်းချက်များမှ...

(က) တင်ဒါအတွက် တင်ဒါခေါ်ယူရေး... ဈေးတွက်ချက်ရေးလုပ်ငန်းကော်မ... အရည်အသွေးစစ်ဆေးရေးကော်မ... ကော်မတီများ ဖွဲ့စည်းပြီး စည်းမျ... မှတ်၍ လိုက်နာဆောင်ရွက်ရမည်။

(ခ) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ... ဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့... လိုအပ်သော တင်ဒါလုပ်ငန်းမျိုးဖြစ်... သည့်လုပ်ငန်းများအပေါ်တွင် တာ... လေ့လာသုံးသပ်အကြံပြုဆန်းစစ်ချ... သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟု... များ ထည့်သွင်းဖွဲ့စည်းရမည်။

(ဂ) တင်ဒါလုပ်ငန်းများအပေါ် ပွင့်... ဖွဲ့စည်းထားသည့် ကော်မတီအသီးသီ... စည်းမျဉ်းစည်းကမ်းများ တိတိကျကျ...

(ဃ) ဈေးနှုန်းများကို တန်ဖိုးအနည်း/အမ... တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ... လိုအပ်ပါက ဈေးနှုန်းစိစစ်ရန် ... တင်သွင်းလာသော ပုဂ္ဂိုလ်များကို တ... ရမည်။

(င) ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား... နိုင်ငံပိုင်သတင်းစာများတွင် ရက်သ... ရှားစွာ ကြော်ငြာ၍ သတ်မှတ်ရက်... ကြိုတင်ပြီး အိတ်ဖွင့်တင်ဒါ ခေါ်ယူ...

(စ) ၎င်းအပြင် ကြော်ငြာသင်ပုန်းနှင့် ... နှစ်ပတ် ကြိုတင်၍ ကြော်ငြာရမည်...

(ဆ) တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်း... ပြီး တင်ဒါတင်သွင်းမည့်သူများသို့ ... ရှိခြင်းများ ဆောင်ရွက်ရမည်။

(ဇ) သတ်မှတ်ချိန်နေ့ရက်အတွင်း တင်ဒါ... တင်ဒါတင်သွင်းသူများအားလုံးကို ဖိ... သည့်ခန်းမတွင် အိတ်ဖွင့်တင်ဒါ (C... ပုံးထဲသို့ အများရှေ့မှောက်တွင်ထ... သော့များအား တစ်ဦးတစ်ယောက်... လုံခြုံမှုရှိစေရေးအတွက် သော့ထိန်း... အောင် ဆောင်ရွက်ရမည်။

(ဈ) သတ်မှတ်သည့်နေ့ရက်တွင် ကေ... တင်သွင်းသူများ ရှေ့မှောက်တွင် မျ... ရမည်။

(ည) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ... အားလုံးရှေ့တွင် သတ်မှတ်စည်းမျဉ်း... စိစစ်ကြေညာရမည်။

(ဋ) တင်ဒါကြမ်းခင်းဈေးနှုန်း တွက်ချက်... ချုပ်ရုံးစစ်ဆေးမည့် ဒေသန္တရဈေးနှုန်... ဖြစ်သည့်အတွက် တင်ဒါတင်သွင်းသူ... မပြုတော့ဘဲ တင်ဒါစည်းမျဉ်း ညီညွ... ပေးသွင်းသူအား ရွေးချယ်ရမည်။

(ဌ) တင်ဒါခေါ်ယူသော လုပ်ငန်းများအ... သိမ်းရေးနှင့် ဆက်နွယ်သော ကိစ္... လက်ခံကျင့်သုံးနေသည့် နိုင်ငံတက... ဆောင်ရွက်ရမည်။

(ဍ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခေ... အစိုးရ၊ လုပ်ငန်းရှင်၊ ပြည်သူလူထုအ...

MRTV-4 ရုပ်မြင်သံ...

၅-၅-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၀၀	MRTV-4 အဖွင့် Logo
၅း၁၀	ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၈း၀၀	Cartoon Series (Go!Go! Giggles)
၈း၃၀	Kid's Show
၉း၀၀	MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ ပျော်ရွှင်မှု** (အပိုင်း-၉၅)
၉း၄၅	...
၁၀း၀၀	...
၁၁း၀၀	...
၂း၀၀	...
၂း၂၀	...
၃း၁၀	...
၃း၃၀	...
၄း၀၀	...

နီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရာတွင်
ရဌာန၊ အဖွဲ့အစည်းများလိုက်နာရမည့် တင်ဒါစည်းကမ်းချက်များထုတ်ပြန်

နေပြည်တော် မေ ၄

သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်စေရန် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ငွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ဆန်းစစ်ခံနိုင်မှုရှိစေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ဧပြီ ၅ ရက်တွင် နိုင်ငံတော်၌ း်မြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရေး ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ လိုက်နာရမည့် ချက်များကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

်ဒါစည်းကမ်းချက်များမှာ-
ွက် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်း
က်ရေးလုပ်ငန်းကော်မတီ၊ တင်ဒါစိစစ်ရေးကော်မတီ၊
သွေးစစ်ဆေးရေးကော်မတီအစရှိသည့် လိုအပ်သော
ား ဖွဲ့စည်းပြီး စည်းမျဉ်းစည်းကမ်းအသေးစိတ်သတ်
တ်နာဆောင်ရွက်ရမည်။
ရွေးချယ်ရေးကော်မတီများ ဖွဲ့စည်းသည့်အခါ တိုင်း
င့် ပြည်နယ်အစိုးရအဖွဲ့များမှ ကြီးကြပ်ဆောင်ရွက်ရန်
ာ တင်ဒါလုပ်ငန်းမျိုးဖြစ်ပါက တင်ဒါစနစ်ဖြင့် ခေါ်ယူ
န်းများအပေါ်တွင် တာဝန်ယူမှု၊ ပူးပေါင်းပါဝင်မှုနှင့်
းသပ်အကြံပြုဆန်းစစ်ချက်များ ဆောင်ရွက်နိုင်စေရန်
ာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ ကိုယ်စားလှယ်
သွင်းဖွဲ့စည်းရမည်။
င်န်းများအပေါ် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်
သည့် ကော်မတီအသီးသီး၏ တင်ဒါခေါ်ယူခြင်းဆိုင်ရာ
ည်းကမ်းများ တိတိကျကျသတ်မှတ်ဆောင်ရွက်ရမည်။
းကို တန်ဖိုးအနည်း/အများအလိုက် စာရင်းရေးသွင်းပြီး
ရွေးချယ်ရေးကော်မတီမှ တင်ဒါဈေးနှုန်း စိစစ်ရမည်။
ာ ဈေးနှုန်းစိစစ်ရန် နေ့ရက်သတ်မှတ်ပြီး တင်ဒါ
ာသော ပုဂ္ဂိုလ်များကို တစ်ပြိုင်တည်း ဖိတ်ခေါ်ပြီး စိစစ်

မည့်လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး
တင်းစာများတွင် ရက်သတ္တပတ် တစ်ပတ်ခန့် သိသာထင်
ာ်ငြာ၍ သတ်မှတ်ရက်ထက် အနည်းဆုံး တစ်လ
အိတ်ဖွင့်တင်ဒါ ခေါ်ယူရမည်။
ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website တို့တွင်
ုတင်၍ ကြော်ငြာရမည်။
ားနှင့် တင်ဒါစည်းကမ်းများ၊ စံချိန်စံညွှန်းများအား ပြုစု
တင်သွင်းမည့်သူများသို့ ထုတ်ပေးခြင်း၊ မှတ်တမ်းထား
ဆောင်ရွက်ရမည်။
န်နေ့ရက်အတွင်း တင်ဒါတင်သွင်းခွင့်ပြုခြင်း သို့မဟုတ်
သွင်းသူများအားလုံးကို ဖိတ်ခေါ်၍ တင်ဒါရွေးပွဲ ပြုလုပ်
တွင် အိတ်ဖွင့်တင်ဒါ (Open Tender) များကို တင်ဒါ
ာများရှေ့မှောက်တွင်ထည့်ရမည်။ တင်ဒါပုံးခတ်သည့်
ား တစ်ဦးတစ်ယောက်တည်းမှ ထိန်းသိမ်းခြင်းမပြုဘဲ
ရေးအတွက် သော့ထိန်းသိမ်းသူများ စုံညီမှဖွင့်လှစ်နိုင်
ာင်ရွက်ရမည်။
ည့်နေ့ရက်တွင် ကော်မတီအားလုံးနှင့် တင်ဒါ
ူများ ရှေ့မှောက်တွင် မျက်နှာစုံညီတင်ဒါများ ဖွင့်လှစ်

ရွေးချယ်ရေးကော်မတီမှ သက်ဆိုင်ရာကော်မတီများ
တွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ ညီညွတ်မှုရှိ/မရှိ
ာရမည်။
းခင်းဈေးနှုန်း တွက်ချက်သတ်မှတ်စဉ်ကပင် စာရင်းစစ်
ဆးမည့် ဒေသန္တရဈေးနှုန်းနှင့်အညီ ကြိုတင်တွက်ချက်ပြီး
တွက် တင်ဒါတင်သွင်းသူများအား တွေ့ဆုံဈေးဆစ်ခြင်း
် တင်ဒါစည်းမျဉ်း ညီညွတ်သူများအနက် အနိမ့်ဆုံးဈေး
အား ရွေးချယ်ရမည်။
ယူသော လုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်ထိန်း
် ဆက်နွယ်သော ကိစ္စရပ်များအတွက် နိုင်ငံတော်မှ
သုံးနေသည့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စီမံ
ရမည်။
းပွားရေး၊ လူမှုရေးအခြေခံသဘောတရားများနှင့်အညီ
်ငန်းရှင်၊ ပြည်သူလူထုအကျိုးကို ရှေးရှု၍ အများလက်
ခံနိုင်သည့် တင်ဒါလုပ်ငန်းများဖြစ်အောင် ဆောင်ရွက်ရမည်။

(ခ) **ဝယ်ယူရေးဆိုင်ရာတင်ဒါများနှင့်စပ်လျဉ်း၍-**

(၁) ဝယ်ယူမည့်ပစ္စည်းစာရင်းနှင့် စံချိန်စံညွှန်းများ (Specification) သတ်မှတ်ကြေညာရမည်။

(၂) ဝန်ကြီးဌာနများမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စက်ရုံနှင့် အလုပ်ရုံများမှ ထွက်ရှိသော ပစ္စည်းများကို ဦးစားပေးဝယ်ယူရန်နှင့် ယင်းပစ္စည်းများသည် မိမိဆောင်ရွက်မည့် လုပ်ငန်းနှင့် ကိုက်ညီခြင်းမရှိပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်နှင့်အတူ ပြင်ပမှဝယ်ယူရေး ဆောင်ရွက်ရမည်။

(၃) မိမိနိုင်ငံအတွင်း၌ တရားဝင်ဖွင့်လှစ်ထားသော နိုင်ငံခြားကုမ္ပဏီများ၏ အရောင်းကိုယ်စားလှယ်ဆိုင်များမှ မှန်ကန်သည့် ဈေးနှုန်းဖြင့် ရရှိရေးအတွက် စိစစ်ဝယ်ယူရမည်။

(၄) နိုင်ငံအတွင်း တရားဝင်ကိုယ်စားလှယ်မရှိမှသာ ပြည်ပနိုင်ငံများမှ ဝယ်ယူရေးကိုဌာနမှ တိုက်ရိုက်သော်လည်းကောင်း၊ ဈေးနှုန်းနှင့် ပစ္စည်းမှန် ပေးသွင်းနိုင်မည့် ကုမ္ပဏီကို ဈေးပြိုင်စနစ်ဖြင့် ရွေးချယ်၍သော်လည်းကောင်း ဆောင်ရွက်ရမည်။

(၅) ဈေးနှုန်းမှန်ကန်ရေးနှင့် အရည်အသွေးကိုက်ညီရေးတို့ကို စိစစ်ပြီး ကွဲလွဲချက်များ တွေ့ရှိပါက တင်ဒါအောင်မြင်သူကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအရ အရေးယူဆောင်ရွက်ရမည်။

(၆) စာချုပ်ပါအတိုင်း ပစ္စည်းတင်သွင်းမှုမရှိဘဲ နောက်ကျပါက ယင်းသို့နောက်ကျခြင်းအတွက် အရေးယူဆောင်ရွက်မည့် စည်းမျဉ်းစည်းကမ်းများကို စာချုပ်တွင် ထည့်သွင်းချုပ်ဆိုရမည်။

(ဂ) **တည်ဆောက်မှုဆိုင်ရာ တင်ဒါများနှင့်စပ်လျဉ်း၍-**

(၁) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေရှိ မရှိ ပဏာမလေ့လာဆန်းစစ်မှုများ အခမဲ့ ဆောင်ရွက်ပေးမည်ဟု ကမ်းလှမ်းလာက လက်ခံဆောင်ရွက်နိုင်သော်လည်း ယင်းသို့ဆောင်ရွက်ပေးသည့်အတွက် ယင်းကုမ္ပဏီလုပ်ငန်းရှင်ကိုသာ လုပ်ငန်းအပ်နှံခြင်းခွင့်ပြုမည်မဟုတ်ဘဲ ဈေးပြိုင်တင်ဒါကို အများနည်းတူ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(၂) ဝန်ကြီးဌာနများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီမှုများကြောင့် ဦးစားပေးဆောင်ရွက်ခြင်းမျိုးမဖြစ်စေဘဲ အများနည်းတူ မျှတသည့်ယှဉ်ပြိုင်အရွေးခံမှုမျိုးဖြစ်ရမည်။

(၃) အသုံးပြုသည့်ပစ္စည်းများသည် နိုင်ငံတွင်းမှဖြစ်ပါက ကုန်ကျစရိတ်များကို သက်ဆိုင်ရာဒေသ အုပ်ချုပ်မှုအဖွဲ့အစည်း၏ ဒေသန္တရဈေးနှုန်းအတိုင်း တွက်ချက်တင်ပြရန်နှင့် စာရင်းစစ်ချုပ်ရုံးက စစ်ဆေးမည့် ဒေသန္တရဈေးနှုန်းဖြင့် စိစစ်ခြင်းခံရမည်ဖြစ်သည်။

(၄) နိုင်ငံခြားမှဝယ်ယူသော ပစ္စည်းများဖြစ်ပါက ပင်ရင်းကုမ္ပဏီမှ ထုတ်ပြန်ထားသော ကုန်ဈေးနှုန်းအထောက်အထားများနှင့် သယ်ယူပို့ဆောင်ရေး ဈေးနှုန်းများ၊ လုပ်ငန်းဆောင်ရွက်ခနှုန်းထားများကို တွက်ချက်တင်ပြရမည်။

(၅) ပစ္စည်းတန်ဖိုး၊ လုပ်အားခများ၊ မမျှော်မှန်းနိုင်သော အသုံးစရိတ်များကို အသေးစိတ်တွက်ချက်ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ခရာခိုင်နှုန်းမည်မျှဖြင့် ဆောင်ရွက်နိုင်ကြောင်း ဖော်ပြပါရှိရမည်။

(၆) မမျှော်မှန်းနိုင်သော အသုံးစရိတ်နှင့် ပိုမိုကုန်ကျခဲ့သော ပစ္စည်းတန်ဖိုး၊ သယ်ယူပို့ဆောင်ရေးစရိတ်များကို သုံးစွဲရပါက ဓာတ်ပုံမှတ်တမ်းများ၊ သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းများ၏ ထောက်ခံချက်နှင့်တကွ ကျိုးကြောင်းခိုင်လုံစွာ တင်ပြရမည်။

(၇) တင်ဒါရွေးချယ်ရာ၌ အဓိကထားရမည့် အောက်ပါစံသတ်မှတ်ချက်များအပေါ် မူတည်ရွေးချယ်ဆုံးဖြတ်ရမည်-

(ကက) ပစ္စည်းတန်ဖိုးအားလုံးအတွက် ဒေသန္တရဈေးနှုန်းသည် စာရင်းစစ်ချုပ်ရုံးက စစ်ဆေးလက်ခံမည့်ဈေးနှုန်းဖြစ်၍ တင်သွင်းသူအားလုံး တစ်ပြေးညီဖြစ်ပြီး လုပ်အားခနှင့်လုပ်ငန်းရှင်၏ ဝန်ဆောင်စရိတ်အပေါ်တွင် ရာခိုင်နှုန်းအနည်းဆုံးပေးနိုင်သူကို ဦးစားပေးရန်၊

(ခခ) ကုမ္ပဏီအင်အားကြီးသော်လည်း (Sub Contract) ပေးခြင်းမျိုးရှိပြီး ကုမ္ပဏီငယ်သော်လည်း ကိုယ်တိုင်အရည်အသွေးကောင်းအောင် ကြီးကြပ်လုပ်သူများရှိသည့်အတွက် ဈေးနည်းသော်လည်း အပယ်ခံရခြင်း၊ ဈေးကြီးသော်လည်း လုပ်ငန်းရပြီး (Sub Contract) ပေးခြင်းမျိုးမရှိရေးအတွက် ကတိကဝတ်အာမခံချက်နှင့် အရည်အသွေးစစ်ဆေးသည့် နည်းတို့ဖြင့် မှန်ကန်စွာရွေးချယ်ရန်၊

(ဂဂ) ဈေးအနည်းဆုံးပေး၍ ဈေးဖျက်သည့်သဘော ဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများကို ဝန်ကြီးဌာနအချင်းချင်းအသိပေး၍ မှတ်တမ်းတင်ထားပြီး ရွေးချယ်ခြင်းမပြုရန်၊

(ဃဃ) စာချုပ်တွင် ပြည့်စုံစွာ အသေးစိတ်ဖော်ပြပြီး ဌာနနှင့် ပုဂ္ဂလိကတို့ စာချုပ်စည်းကမ်းအတိုင်း လိုက်နာရန်နှင့် အငြင်းပွားမှုဖြစ်ပေါ်ပါက စာချုပ်ပါစည်းကမ်းချက်အတိုင်းလိုက်နာရန်။

(ဃ) **ဝန်ဆောင်မှုတင်ဒါများနှင့်စပ်လျဉ်း၍-**

(၁) ပြည်သူလူထု၏ စားဝတ်နေရေးအဆင်ပြေစေရေးကိုရှေးရှုလျက် ကုန်ဈေးနှုန်းကြီးမြင့်နိုင်သည့် အခြေခံအချက်များကို ဖော်ထုတ်၍ ဆောင်ရွက်စေလိုသည့် ဈေးနှုန်းသတ်မှတ်ပြီး တင်ဒါအောင်မြင်သူမှ သတ်မှတ်ဈေးနှုန်းအတိုင်းဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများသတ်မှတ်ရမည်။ (ဥပမာ-လမ်း၊ တံတားဖြတ်သန်းခကောက်ခံခြင်းတင်ဒါ)

(၂) သက်ဆိုင်ရာဒေသတွင် နေထိုင်သော ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအချက်များအပေါ်မူတည်၍ ဆောင်ရွက်ရမည်။

(၃) သတ်မှတ်ဈေးနှုန်းအတိုင်း ဆောင်ရွက်မှုမရှိခြင်းအပါအဝင် စာချုပ်ပါစည်းမျဉ်းစည်းကမ်းများဖောက်ဖျက်ပါက ဆောင်ရွက်သွားမည့်နည်းလမ်းကို တင်ဒါယှဉ်ပြိုင်သူအားလုံးကို အသိပေးရမည်။

(၄) လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းမှုရှိခြင်း၊ လုပ်ငန်းစီမံချက်အတိုင်းမဆောင်ရွက်နိုင်ခြင်းများစိစစ်တွေ့ရှိရပါက တင်ဒါခေါ်ယူရေးဗဟိုကော်မတီမှ အဖွဲ့ဖြင့်စစ်ဆေးပြီး ဆောင်ရွက်မည့်နည်းလမ်းကို တင်ဒါစည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြရမည်။

(၅) တင်ဒါရွေးချယ်ရန်အရည်အချင်းများ တူညီနေပါက သက်ဆိုင်ရာဒေသရှိ ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများကို အထောက်အပံ့ဖြစ်စေမည့် ကုမ္ပဏီကို ဦးစားပေးရွေးချယ်ရမည်။

(င) **ငှားရမ်းရောင်းချရေးတင်ဒါများနှင့်စပ်လျဉ်း၍-**

(၁) အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်သင့်သော လုပ်ငန်းများအား နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းထားသော ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာပါအချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၂) အခြားကိစ္စများအတွက်-

(ကက) ငှားရမ်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဆောင်ရွက်မည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ခြေအဆင့်အထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး ငှားရမ်းခြင်း၊ ရောင်းချခြင်းတို့ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ဆောင်ရွက်ရမည်။

(ခခ) ဈေးနှုန်းအများဆုံးပေးသူများ၏ အဆိုပြုဈေးနှုန်းချင်း တိုက်ဆိုင်တူညီနေပါက အဆိုပြုဈေးနှုန်းတူညီသူများထဲမှ အများဆုံးပေးနိုင်သူကို ယှဉ်ပြိုင်စနစ်ဖြင့် ရွေးချယ်ရေး စီမံဆောင်ရွက်ရမည်။

(ဂဂ) တင်ဒါတန်ဖိုးငွေ အကျေပေးသွင်းပြီးပါကအဖွဲ့ဖြင့် လွှဲပြောင်းခြင်း၊ ထုတ်ပေးခြင်း ပြုလုပ်ရမည်။

(ဃဃ) လုပ်ငန်းဌာနများရှိ နိုင်ငံပိုင်အဆောက်အအုံများ၊ ယာဉ်စက်ယန္တရားများ၊ သိုလှောင်ရုံများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ငှားရမ်းဆောင်ရွက်ခြင်းဖြစ်ပါက လုပ်ငန်းပြီးဆုံး၍ ပြန်လည်အပ်နှံသည့်အခါ ငှားရမ်းမှုစတင်စဉ်က အခြေအနေအတိုင်း ပြန်လည်အပ်နှံရေးအတွက် ဆောင်ရွက်ရမည်။

(ငင) လိုအပ်ပါက ပစ္စည်းထုခွဲရောင်းချ၊ ငှားရမ်းရေးကော်မတီ၊ ကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီများ ဖွဲ့စည်း၍ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ရမည်။

(စစ) ငှားရမ်းဆောင်ရွက်မည့် အချိန်ကာလကို မူတစ်ရပ်အနေဖြင့် တင်ပြဆောင်ရွက်ရမည်။

(ဒ) ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင်သည် တင်ဒါအောင်မြင်ပါက အာမခံကြေးထားရှိရမည်ဖြစ်သော်လည်း အာမခံကြေးအဆုံးခံ၍ ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့သည့်ကိစ္စမျိုး မဖြစ်ပေါ်ရေးအတွက် ငွေကြေးခိုင်မာမှုရှိခြင်း၊ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင်များ၏ ကိုယ်ရေးနောက်ကြောင်း ကောင်းမွန်ခြင်းနှင့် ဝန်ထမ်းများသည် အသိအမှတ်ပြု ကျွမ်းကျင်သူပုဂ္ဂိုလ်များဖြစ်ခြင်းတို့ ရှိ မရှိ စိစစ်ရမည်။

(ဓ) အဆောက်အအုံ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်ပစ္စည်းအစရှိသော ကုန်ဆုံးသက်တမ်း (Expire Date) သို့မဟုတ် အာမခံသက်တမ်း (Warrantee) သတ်မှတ်ရမည့်အမျိုးအစားများနှင့် စပ်လျဉ်း၍ တင်ဒါအောင်မြင်သူက တာဝန်ယူရမည့်ကိစ္စရပ်များကို တိကျစွာဖော်ပြရမည်။

(န) အရည်အသွေးစစ်ဆေးရေးကော်မတီမှ သတ်မှတ်ထားသော အရည်အသွေးများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေး၍ ကိုက်ညီမှုမရှိပါက တာဝန်ယူရန် သတ်မှတ်ဖော်ပြရမည်။ လုပ်ငန်းသဘော သဘာဝအရ အချို့မှာ နောက်ကြောင်းပြန်ပြုပြင်ရန်ခက်ခဲသည့် ကိစ္စရပ်များရှိသဖြင့် လုပ်ငန်းအားလုံးပြီးစီးမှ စစ်ဆေးခြင်းအစား ဆောင်ရွက်ဆဲကာလအတွင်း လုပ်ငန်းအဆင့်များသတ်မှတ်ကာ အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်ရမည်။

(ပ) Work Schedule ဖြင့် ဆောင်ရွက်ရပါက သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။ မဆောင်ရွက်နိုင်ပါက တာဝန်ယူမှုအပိုင်းကို တိကျစွာသတ်မှတ်ဖော်ပြရမည်။

(ဖ) ဈေးနှုန်းတည်မြဲမှုကာလသည် ဈေးနှုန်းလွှာပိတ်ချိန်မှ သုံးလအတွင်း တည်မြဲမှုရှိစေရမည်ဖြစ်ပြီး သုံးလကျော်လွန်ပါက နှစ်ဦး နှစ်ဖက်လက်ခံသော ကာလပေါက်ဈေးကို ပြန်လည်သတ်မှတ်ဆောင်ရွက်ရမည်။

(ဗ) လုပ်ငန်းအတွက် ငွေချေမှုစနစ်နှင့်စပ်လျဉ်း၍ နှစ်ဖက်လက်ခံနိုင်သည့်အချိန်ကို ကတိကဝတ်ပြု၍ ဆောင်ရွက်ရမည်။

(ဘ) နိုင်ငံတော်မှ သတ်မှတ်ပြဌာန်းထားသည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(မ) တင်ဒါအောင်မြင်သောကုမ္ပဏီသည် တစ်ဆင့်ခံကန်ထရိုက် (Sub Contract) ထပ်မံလွှဲပြောင်းခြင်းမပြုရ။

(ယ) လုပ်ငန်းသဘောသဘာဝအရ အချို့သောတင်ဒါများ (ဥပမာ-ရေနံလုပ်ကွက်များ၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ)နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအမံများကို ပွင့်လင်းမြင်သာမှုရှိအောင် ကြေညာရမည်။

(ရ) လုပ်ငန်းပမာဏ ကြီးမားသည့်အခြေအနေရှိပါက တင်ဒါအခမ်းအနားဆောင်ရွက်မှုများကို ဓာတ်ပုံ၊ ဗီဒီယိုတို့ဖြင့် မှတ်တမ်းတင်ထားရှိရမည်။

(လ) တင်ဒါစည်းမျဉ်းစည်းကမ်းများတွင် စာရင်းစစ်ချုပ်ရုံးမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ဒါအောင်မြင်သူမှ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ကတိကဝတ်ပြု၍ ဆောင်ရွက်ရမည်။

(ဝ) အထက်ပါအချက်များအပြင် ဝန်ကြီးဌာနက လုပ်ငန်းသဘောသဘာဝအလိုက် သတ်မှတ်သောစည်းကမ်းချက်များ ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိရမည်။

(သ) စာချုပ်မူကြမ်းအား ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တိုင်း/ဒေသဦးစီးအဖွဲ့စီမံခန့်ခွဲမှုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြအတည်ပြုပြီးမှသာ စာချုပ်ချုပ်ဆိုရမည်။

(ဟ) လုပ်ငန်းစဉ်အားလုံးအား ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းထိန်းသိမ်းထားရှိရမည်။

(ဠ) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့အကြား အငြင်းပွားမှုအတွက် ဖြေရှင်းဆောင်ရွက်မည့်အစီအစဉ်ကို စာချုပ်၌ ရှင်းလင်းစွာထည့်သွင်းချုပ်ဆိုရမည်ဟူ၍ ပါရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

-4 ရုပ်မြင်သံကြားအစီအစဉ်

နင်္ဂနွေနေ့)
င့် Logo
+ပရိုတ်နိဒါန်း
င်း
s
les)
သံဇာတ်လမ်းတွဲ
ပျော်ရွှင်မှု

၉:၄၅	မုံရွာမြို့ရဲ့ အထင်ကရနေရာ ကိုးခု
၁၀:၀၀	ခေတ်သစ်ပျိုမေ
၁၁:၀၀	Myanmar Cooking Master (Third Season)(Round-4) (Part-2)
၂:၀၀	MRTV - 4 သတင်း
၂:၂၀	World Of Knowledge (Megacities: Jarkata)
၃:၁၀	ဗီဒီယိုပြခန်း
၃:၃၀	Word On The Street
၄:၀၀	Cartoon Series
	(Go!Go! Giggles)
၄:၃၀	Kid's Show
၅:၀၀	Drive It
၅:၂၅	Weekly Sport Diary
၆:၀၀	MRTV - 4 သတင်း
၈:၀၀	MRTV - 4 သတင်း
၈:၁၅	**မီးများအားလုံးငြိမ်းပါစေ** (အပိုင်း-၂) ဇင်ဝိုင်း၊ သားညီ၊ မိုးယံဇွန်၊ နေယံ၊ စူးရှ၊ မို့မို့မြင့်အောင်၊ မိုးယုစံ၊ ဝါဆိုမိုးဦး၊ မေသက်ခိုင် (ဒါရိုက်တာ-မီးပွား)
၉:၀၀	**Barclays Premier League Man U Vs Chelsea (Live)**
၁၀:၃၀	MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ
	လေညင်းလေးရဲ့ ပျော်ရွှင်မှု (အပိုင်း-၉၆)
၁:၀၀	**ရင်ထဲကအရုပ်တရားတော်** [အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)]
၂:၀၀	World Of Knowledge (Naked Science: Birth of America)
၄:၀၅	ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက် ခွန်အားသစ်များမွေးဖွားခြင်း
၄:၄၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Unique Collection)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၀၀	Liverpool - Everton	(Fox Sports)
၉:၃၀	Man U - Chelsea	(Star Sports)(MRTV-4)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄:၃၀	Mallorca - Levante	(Fox Sports)
၉:၃၀	Real Zaragoza - Rayo Vallecano	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁:၃၀	Barcelona - Real Betis	(Star Sports)

မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တိမ်အသင့်အတင့်ဖြစ်ထွန်း

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မိုးကုတ်ဆရာတော်ကြီး၏မွေးရပ်မြေရွှေပါရမီပရဟိတအခမဲ့ပညာသင်ကျောင်းဖွင့်လှစ်

အမရပူရ မေ ၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာ ရွှေရန်ကင်းကျောင်းတိုက် ဘုန်းကြီးကျောင်းတွင် မေ ၃ ရက် နံနက် ၈ နာရီက အခမဲ့ပညာသင်ကျောင်းကို ဘဒ္ဒန္တဝရဒီပနှင့် ဘဒ္ဒန္တတေဇဆရာတော်ညီအစ်ကိုနှစ်ပါးက အခမဲ့ပညာသင်ကျောင်းကြီးကိုဖွင့်လှစ်လိုက်သည်။

ရွှေရန်ကင်းကျောင်းတိုက် ရွှေညီအစ်ကို ဘဒ္ဒန္တဝရဒီပနှင့် ဘဒ္ဒန္တတေဇဆရာတော်တို့က "ဦးဇင်းတို့အနေနဲ့ ဒီကျောင်းကြီး ဖြစ်မြောက်အောင်မြင်အောင် အတော်ကြိုးပမ်းခဲ့ရတာပါ။ ဦးဇင်းတို့ နိုင်ငံမှာရှိတဲ့ ကလေးတွေကို ပညာတတ်ကြီးတွေဖြစ်စေချင်တယ်။ နိုင်ငံတကာက ကလေးတွေနဲ့ယှဉ်ရင် အောက်တန်းမကျစေချင်ဘူး။ ကမ္ဘာမှာ မြန်မာဟေ့လို့ ထင်ပေါ်စေချင်တယ်။ ပြီးတော့လည်း ကျောင်းဆောက်ဖို့နေရာအခက်အခဲရှိလေတော့ ဒီသုံးထပ်ကျောင်းမှာပဲလုပ်ရတယ်။ အခုဆို ကျောင်းသားကျောင်းသူ လာအပ်တာ ၃၀၀ ကျော်ရှိပါပြီ" ဟု မိန့်ကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ ပညာသင်ကျောင်းတွင် လောလောဆယ် ကျောင်းသားကျောင်းသူ ၃၀၀ ကျော်နှင့်ဆရာဆရာမ ၂၀ ရှိကြောင်း သိရသည်။ အဆိုပါ ကျောင်းဖွင့်ပွဲသို့ ဥယျာဉ်တော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့် မြစ်ငယ်မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တို့ တက်ရောက်ကြပြီး ကျောင်းအတွက် လိုအပ်သည်များကို လှူဒါန်းလိုပါက ရွှေညီအစ်ကိုဆရာတော်ဘဒ္ဒန္တဝရဒီပနှင့် ဘဒ္ဒန္တတေဇ ဖုန်း-၀၂-၅၅၂၅၆ ထံ လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

မန္တလေးဘူတာကြီး လုံခြုံရေးနှင့် သန့်ရှင်းရေး တိုးမြှင့်လုပ်ဆောင်

မန္တလေး မေ ၄

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် တာဝန်ရှိသူများနှင့်အတူ မေ ၁ ရက်က မန္တလေးဘူတာကြီးလုံခြုံရေးနှင့် သန့်ရှင်းသပ်ရပ်ရေး တိုးမြှင့်လုပ်ဆောင်ရန် ကြည့်ရှုစစ်ဆေးမှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝန်ကြီးက မန္တလေးဘူတာယာဒ်ဝင်းအတွင်း အထက်တန်းအိပ်စင်တွဲဆိုင်းမီးလောင်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ နောက်နောင်မဖြစ်ပွားစေရန် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရထားရဲတပ်ဖွဲ့အနေဖြင့် နေ့/ည လှည့်ကင်းများဖြင့် စစ်ဆေး၍ ဘူတာအတွင်းအခြေအနေမဲ့များနေထိုင်မှုမရှိစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထား တာဝန်ရှိသူများကလည်း ရထားတွဲဆိုင်းများနှင့် ဘူတာစကြံများ နေ့စဉ်သန့်ရှင်းရေး၊ ရုပ်မြင်သံကြားစက်များကောင်းမွန်ရေး၊ ခရီးသွားပြည်သူများ နားနေရန် ထိုင်ခုံများတိုးမြှင့်ထားရှိရေးကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း တို့ကို မှာကြားသည်။

ထို့အပြင် ဘူတာယာဒ်ဝင်းအတွင်းရှိ တွဲဆိုင်းများထားရှိသော သံလမ်းအမှတ် ၇ မှ ၁၀ အထိနှင့် တွဲပြင်၊ ရေဆေးစက်ရုံများအတွင်း တာဝန်ရှိသူမှအပ အခြားမည်သူမျှ ဝင်ရောက်နိုင်ခြင်းမရှိရန် လုံခြုံရေးဂိတ်များဖြင့် စစ်ဆေးကြပ်မတ်ပြီး သက်ဆိုင်ရာဝန်ထမ်းများကလည်း သတ်မှတ်ဝတ်စုံနှင့် ဝန်ထမ်းကတ်များ ချိတ်ဆွဲ၍ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရေးကို ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

တင်မောင် (မန်း-ကိုယ်ပွား)

ပုဂံခေတ်က နံရံဆေးရေးပန်းချီရေးဆွဲခြင်း အတတ်ပညာ မျိုးဆက်သစ်တို့က သဲပန်းချီရေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်း

နေပြည်တော် မေ ၄

ပုဂံဘုရား ပရဝဏ်များအတွင်း တွေ့ရသော သဲပန်းချီကားများကို နိုင်ငံခြားသားများ အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးနေကြောင်း သဲပန်းချီပညာရှင်တစ်ဦးက ပြောကြားသည်။

"ကျွန်မတို့ ရေးဆွဲနေတဲ့ ဒီသဲပန်းချီကားတွေကို အများအားဖြင့် နိုင်ငံခြားသားတွေက အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးကြပါတယ်။ ဒီသဲပန်းချီကားတွေက ဧရာဝတီမြစ်ထဲက သဲတွေအသုံးပြုရေးဆွဲထားတဲ့ ပန်းချီကားတွေပါ။ သဲပန်းချီဆိုတာကတော့ ပိတ်စတွေပေါ်မှာ ရေးဆွဲထားတဲ့ပန်းချီကားပေါ်မှာ သဲမှုန့်တွေ ဖြူးပေးရတဲ့သဘောပါ။ ဒီသဲပန်းချီကားတွေဟာ လက်ရာမြောက်သလောက် အလွန်လည်းခိုင်ခံ့ပါတယ်။ နိုင်ငံခြားသားတွေက ဒီသဲပန်းချီကားတွေကို အလွန်သဘောကျကြပါတယ်" ဟု သဲပန်းချီပညာရှင်မအဝင်းက ရှင်းပြသည်။

"သဲပန်းချီကား တစ်ချပ်ဖြစ်ဖို့ မလွယ်ပါဘူး။ တစ်ချပ်ကို နှစ်ရက်သုံးရက်လောက်ဆွဲရပါတယ်။ ပန်းချီကားတစ်ချပ်ကို ငွေကျပ် ၆၀၀၀ ကနေ ၁၂၀၀၀ အထိရောင်းပါတယ်။ ပြည်တွင်းဘုရားဖူးခရီးသွားတွေကလည်း ဝယ်ယူကြပါတယ်။ သဲပန်းချီကားတွေကို များသောအားဖြင့် ပုဂံရှုခင်းပုံတွေ၊ ပုဂံခေတ်လူမှုဘဝသရုပ်ဖော်ပုံတွေ အများဆုံးရေးဆွဲကြလေ့ရှိပါတယ်" ဟု မအဝင်းက ဆက်လက်ရှင်းပြသည်။

ပုဂံသဲပန်းချီကားများကိုပြည်တွင်း ပြည်ပခရီးသွားများ အများဆုံးလာရောက် လည်ပတ်လေ့ရှိသည့် စေတီပုထိုးများ အပြင်ဘက်၌ ရေးဆွဲလေ့ရှိကြသည်။

အဆိုပါ သဲပန်းချီရေးဆွဲခြင်း အတတ်ပညာသည် ပုဂံခေတ်ပန်းချီပညာရှင်များထံမှ မျိုးဆက်သစ်ပန်းချီပညာရှင်များက လက်ဆင့်ကမ်းသယ်ဆောင်လာသော ရှေးဟောင်းအမွေအနှစ်အတတ်ပညာတစ်ခုဖြစ်သည်။

ပုဂံခေတ် နံရံဆေးရေးပန်းချီများကို ဂူပြောက်ကြီးဘုရားနှင့် အခြားသော ဂူဘုရားများအတွင်း အမြောက်အမြား တွေ့နိုင်သည်။ ထိုနံရံဆေးရေးပန်းချီရေးခြင်း အတတ်ပညာကို ပုဂံသားတို့က လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြပါသည်။ ယခုခေတ်တွင်မူ စေတီပုထိုးများအတွင်း နံရံဆေးရေးခြင်း မလုပ်တော့ဘဲ တစ်ခေတ်ဆန်း၍ ပိတ်စများပေါ်တွင် သဲပန်းချီအဖြစ် အသွင်ပြောင်းကာ ရေးဆွဲနေကြပြီဟု ဆိုနိုင်ပါသည်။ ပုဂံခေတ်က နံရံဆေးရေးပန်းချီရေးဆွဲခြင်း အတတ်ပညာသည် တိမ်ကောပပျောက်သွားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်ကို အံ့ဩဖွယ်မြင်တွေ့နိုင်သည်။ **(အောက်ပုံ)**

မြင့်မောင်စိုး

ရေစကြို မေ ၄

လယ်ယာလုပ်ငန်းခွင်အတွက် စိုးရိမ်စရာ နွားရောင်းဝယ်မှုပြဿနာ

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ခြေယာ၊ ရွှေလှန်းမြေစွန်းတော်ရွာသစ်၊ဇရပ်နီကျေးရွာများနှင့် မြောင်မြို့နယ် မြစ်ဆုံ၊ မြစ်သာ၊ ငါးရံ့အိုင်၊ မင်းလှစသည့် ရေစကြိုမြို့နယ်နှင့် မြောင်မြို့နယ် နယ်စပ်တစ်လျှောက် ကျေးရွာများတွင် အခြားဒေသများမှ လာရောက်၍ နွားများကို ဈေးမဆစ်ဘဲ ဝယ်ယူနေကြောင်း သိရသည်။

ဒေသခံတောင်သူများက ငါးသိန်းတန်နွားကို ခုနစ်သိန်း၊ ဆယ်သိန်းတန်နွားကို ဆယ့်ငါးသိန်းစသည့် ဆိုဈေးကိုမဆစ်ဘဲဝယ်ယူကြပြီး နွားဆယ့်လေးငါးကောင်ရလျှင် အငှားမောင်းသူက မောင်းယူသွားကြောင်း၊ ဝယ်သူမှာရွာများတွင် အထိုင်ချ၍ ဝယ်ယူလျက်ရှိကြောင်း၊ ယခုကဲ့သို့ လတ်တလော ငွေကြေးအကျိုးအမြတ်ကို ကြည့်၍ စည်းကမ်းမဲ့ ရောင်းချနေမှုကြောင့် စိုက်ပျိုးရာသီတွင် ခိုင်းစရာနွားမရှိပါက စိုက်ပျိုးရေးထိခိုက်လာနိုင်ကြောင်း ဒေသခံများကပြောပြ၍ သိရသည်။

၎င်းက ဆက်လက်၍ပြောကြားရာတွင် နွားဝယ်ယူရာတွင် ကျေးရွာဖြတ်ကျော်၊ မြို့နယ်ဖြတ်ကျော်အတွက် ကျေးရွာဥက္ကဋ္ဌများက နွား၏အမွေး၊ အရပ်အမြင့်၊ အမွေးအရောင်၊ ချိုအရွယ်အစားမှတ်မှတ်သားသားရေးသွင်း၍ ရောင်းသူဝယ်သူတန်ဖိုးနှင့် သယ်ယူမည့် နေရာဒေသ၊ သယ်ယူသူအမည်လိပ်စာ စသည့်ထောက်ခံချက်ရယူ သယ်ဆောင်ရကြောင်း၊ ယခုအခါ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရဲကင်းသို့ အသိပေးတိုင်တန်းခြင်းမပြုဘဲ ကိုယ်ထင်သလို လုပ်ကိုင်နေကြခြင်းကြောင့် စည်းကမ်းတကျဖြစ်စေရေးနှင့် လယ်ယာလုပ်ငန်းခွင်မထိခိုက်စေရေး သက်ဆိုင်ရာမှ အချိန်မီထိန်းသိမ်းကြပ်မတ်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သတင်းရရှိသည်။

ဖေထွဏ်းဇော် (ရေစကြို)

ဇာတိမြေယဉ်ကျေးမှုသင်တန်း ဒုတိယအကြိမ်ဖွင့်

စစ်ကိုင်း မေ ၄

စစ်ကိုင်းမြို့နယ် ကျော်ဇေယျာကျေးရွာနှင့် ယင်းမာကျင်းကျေးရွာတို့ ပူးပေါင်းပြီး ဇာတိမြေယဉ်ကျေးမှုနွေရာသီသင်တန်းကို မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် အလယ်ရွှေကျောင်းကြီးဆရာတော်များနှင့် ယင်းမာကျင်းရွာဦးကျောင်း ဆရာတော်တို့ ဦးစီးလျက် ကျေးရွာရှိ ကျောင်းသားကျောင်းသူများ ယဉ်ကျေးမှုအသိ၊ ဘာသာရေးအသိ၊ လူမှုရေးအသိ စသော အသိတရားများကို သိရှိနိုင်ရန်အတွက် ဧပြီ ၁၈ ရက် နံနက် ၉ နာရီက ယင်းမာကျင်း ကျေးရွာ၊ ရွာဦးကျောင်း၌ ကျင်းပ၍ စတင်သင်ကြားသည်။

သင်တန်းတွင် ဒုတိယအဆင့် သင်ယူသူ ၁၈၄ ဦးအား ဘုရားရှိခိုး၊ တရားထိုင်၊ ယဉ်ကျေးမှုရေးရာများကို ဘဝတစ်သက်တာ မင်္ဂလာဆရာတော် ဦးမွှာဓိပတ္တာလင်္ကာရနှင့် ဆရာတော်ဦးသုမင်္ဂလတို့က သင်ကြားပြီး ဗုဒ္ဓဝင်အမေးအဖြေများနှင့် ကမ္ဘာ့ဘာသာတရားများ နှိုင်းယှဉ်ချက်ကို ဆရာတော်ဦးဉာဏဝံသနှင့် ဆရာဦးတင့်လွင်တို့က သင်ကြားပေးသည်။ ထို့နောက် ဆဋ္ဌမတန်းနှင့်အထက်တန်း ကျောင်းသားကျောင်းသူ ၆၈ ဦးကို မန္တလေးမြို့ ဒက္ခိဏဝန်ကျောင်းတိုက် အတ္တဟိတ၊ ပရဟိတကျောင်း ဆရာတော် ဦးဥတ္တမနှင့် ဦးဉာဏဝံသတို့က ကွန်ပျူတာသင်တန်းပို့ချပေးသည်။ သူငယ်တန်းမှ ဒုတိယတန်း ကျောင်းသား ကျောင်းသူ ၆၃ ဦးတို့အား ဘာသာရေး အခြေခံယဉ်ကျေးမှု ဘာသာရပ်များကို မန္တလေးမြို့ မိုးကောင်းကျောင်းတိုက် အလယ်ရွှေကျောင်းကြီးမှ ဦးကုမာရနှင့်ကျောင်းဆရာမများက သင်ကြားပို့ချပေးပြီး ကျောင်းသား ၁၀ ဦးကို ရှင်သာမဏေပြုပေးခြင်း၊ ကျောင်းသူ ၂၅ ဦးကို သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပေးခြင်းတို့ပြုလုပ်ပြီး အဆိုပါသင်တန်းကို ဧပြီ ၁၈ ရက်မှ မေ ၁၂ ရက် အထိ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

လမ်းခွကျေးရွာစာကြည့်တိုက် အမြန်ဖွင့်စေလို

ကသာ မေ ၄

ကသာမြို့ အနောက်မြောက်ဘက် ခြောက်မိုင်အကွာ လမ်းခွကျေးရွာ ပြည့်ကြေးမုံစာကြည့်တိုက်ကို အမြန်ဖွင့်လှစ်ပေးစေလိုကြောင်း ဒေသခံများ ပြောကြားချက်အရ သိရသည်။

တပ်ဆင်

ပြည့်ကြေးမုံစာကြည့်တိုက်ကို ကသာ-အင်းတော်ကားလမ်းဘေးတွင် တည်ဆောက်ထားပြီး ပြည့်ကြေးမုံစာကြည့်တိုက်ဟူ၍ ဆိုင်းဘုတ်တပ်ဆင်ထားသည်။

" စာကြည့်တိုက်မှာ မဂ္ဂဇင်းအုပ်ရေ ၁၀၀ကျော်၊ သုတရသလုံးချင်းစာအုပ် ၅၀ ကျော်၊ ဂျာနယ်မျိုးစုံ ၁၀၀ကျော်ခန့်ရှိပါတယ်။ အဆောက်အအုံတည်ဆောက်ပြီးစီးလို့ ဆိုင်းဘုတ်တပ်ဆင်ထားတာ တစ်နှစ်ကျော်ပါပြီ၊ စာကြည့်တိုက်ဖွင့်ပွဲ လုပ်ဖို့ဆိုပြီး တစ်အိမ်ထောင် ငွေကျပ် ၅၀၀ ကောက်ခံလို့ ကျွန်တော်တို့ထည့်ဝင်ပြီးပါပြီ။ အခုအထိ တရားဝင်မဖွင့်လှစ်သေးပါဘူး။ အထူးသဖြင့် အခုလို နွေရာသီကျောင်းပိတ်ရက်မှာ အားလပ်နေတဲ့ ကျောင်းသားလူငယ်တွေအတွက် စာကြည့်တိုက် အမြန်ဖွင့်လှစ်ပေးဖို့ လိုအပ်ပါတယ်" ဟု ဆယ်အိမ်မှူး ဦးထွန်းလှိုင် (ခ) ဦးပါရုံက ပြောပြသည်။ လက်သမားဆရာ ဦးဘိုက "စာကြည့်တိုက်ဖွင့်လို့ရတဲ့ အနေအထားရောက်နေပါပြီ၊ မြန်မြန်ဖွင့်နိုင်ရင် အကောင်းဆုံးပါပဲ" ဟု ၎င်း၏ဆန္ဒကို ဖွင့်ဟပြောပြသည်။

လမ်းခွကျေးရွာသည် အိမ်ခြေ ၈၀ ကျော်ရှိပြီး မူလတန်းလွန်ကျောင်းတစ်ကျောင်းရှိသည်။ ထိုရွာနှင့် ကားလမ်းသာခြား၍ အိမ်ခြေ ၁၀၀ ကျော်ရှိ ပင်းမလွတ်ကျေးရွာ တည်ရှိသည်။ လမ်းခွကျေးရွာ ပြည့်ကြေးမုံစာကြည့်တိုက်ကြီး တရားဝင်ဖွင့်လှစ်ပြီးပါက ကျေးရွာနှစ်ရွာရှိ ပြည်သူများ လွယ်လင့်တကူ စာပေလေ့လာဖတ်ရှုနိုင်ကြမည်ဖြစ်၍ စာကြည့်တိုက်ကြီး အမြန်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံများက မျှော်လင့်စောင့်စားလျက်ရှိကြောင်း သိရသည်။ **စမ်းဦး(ကသာ)**

မှုခင်းကင်းမဲ့ဇုန် ဆိုင်းဘုတ်များ စိုက်ထူ

ကသာ မေ ၄

ကသာမြို့ ပင်းမလွတ်ကျေးရွာထိပ်တွင် လောင်းကစားကင်းမဲ့ဇုန်နှင့် မှုခင်းကင်းမဲ့ဇုန် ဆိုင်းဘုတ်များ စိုက်ထူပွဲကို မေ ၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကသာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်မြင့်၊ မြို့နယ်တရားသူကြီးဦးတင်မြ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်လှိုင်၊ စခန်းမှူး ရဲအုပ်စောစိုးမိုး၊ သတင်းထောက်များ၊ ကျေးရွာလူမှုရေး အသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့် ကျေးရွာသူကျေးရွာသားများ စုံညီစွာ တက်ရောက်၍ ဆိုင်းဘုတ်များကို စိုက်ထူခဲ့ကြကြောင်း သတင်းရရှိသည်။

စမ်းဦး(ကသာ)

ထူးခြားအံ့ဖွယ်ကျွဲခေါင်းပုံရှိသရက်သီး

သီပေါ မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ပန်းတိမ်တောင်ရပ်ကွက်နယ်မြေ(၆)တွင် နေထိုင်သူပန်းဒကာကြီး ဦးထွန်းလွင်-ဒေါ်သန်းနုတို့နေအိမ်၌ လွန်ခဲ့သည့်နှစ် ၂၀ ကျော်က စိုက်ပျိုးခဲ့သော သုံးလုံးတစ်တောင်သရက်ပင်မျိုးမှ ထူးခြားအံ့ဖွယ်ရာကျွဲခေါင်းပုံသဏ္ဌာန်ရှိ သရက်သီး **(ယာပုံ)**ကြောင့် လာရောက်ကြည့်ရှုသူများနှင့်စည်ကားလျက်ရှိသည်။

ယင်းသို့အုတ်အော်သောင်းတင်းဖြစ်နေမှုကြောင့် သတင်းအဖွဲ့က သွားရောက်ဓာတ်ပုံမှတ်တမ်းယူပြီး အိမ်ရှင်နှင့် တွေ့ဆုံမေးမြန်းရာတွင် လွန်ခဲ့သော မေ ၁ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းစဉ် ၄င်းကျွဲခေါင်းပုံရှိ သရက်သီးမှာ ထူးခြားစွာ လှုပ်ခါနေ၍ သမီးဖြစ်သူ မတင်တင်ခိုင်က အသေအချာကြည့်ရှုလေ့လာရာ ထူးခြားအံ့ဖွယ်ရာ သရက်သီးကို တွေ့ရသဖြင့် ရေတော်ကျောင်းတိုက်ပဓာနနာယကဆရာတော်ထံ တင်ပြလျှောက်ထားကာ ဆရာတော်က မိမိ၏နေအိမ်တွင် ယခုကဲ့သို့ သရက်သီးမျိုးသီးခြင်းကြောင့် လာဘ်လာဘကောင်းခြင်းလက္ခဏာဖြစ်ကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ်၌ စပါးစိုက်ပျိုးရာတွင် လေ့ကားထစ်လယ်ယာစိုက်ပျိုးခြင်းဖြင့် ကျွဲ၏လုပ်အားကို အသုံးပြုရခြင်းကြောင့် ဆန်ရေစပါးပေါများမည့် အတိတ်လက္ခဏာဖြစ်ကြောင်း၊ အဆိုပါကျွဲခေါင်းပုံသဏ္ဌာန်ရှိ သရက်သီးကို ရင့်မှည့်အောင်ထားပြီး ဘုရားတင်လှူပူဇော်၍ လိုရာဆုတောင်းက ပြည့်စုံနိုင်ကြောင်း စသည်ဖြင့်မိန့်ကြားလျက် ကောင်းမွန်သောအတိတ်နိမိတ်ကို ရရှိခဲ့သည်။

ယခုအခါ အဆိုပါ ကျွဲခေါင်းပုံသဏ္ဌာန်ရှိသရက်သီးသီးသော ပန်းဒကာကြီးနေအိမ်သို့ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် တစ်နေ့တခြားစည်ကားလျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

အနုပညာကြေးများမှ ပရဟိတကျောင်းများသို့ လှူဒါန်း

ရန်ကုန် မေ ၄

အနုပညာ သက်တမ်းတစ်ခုမှ ယနေ့အထိ အနုပညာနယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်လျက်ရှိသော တေးသံရှင် မေခလာသည် ၎င်းရရှိသော အနုပညာကြေးများမှ ဆယ်ပုံတစ်ပုံကို မွေးနေ့ရောက်တိုင်း အလှူဒါနပြုခဲ့သည်မှာ (၈)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

မေ ၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာ၌ တည်ထားကိုးကွယ်သော စေတီတော်အတွက် ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် သင်္ဃန်းကျွန်းကြီးရွာ ပညာမြေကျောင်းအတွက် ငွေကျပ်သိန်း ၃၀ နှင့် တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၁၀ သိန်းတို့ကိုလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝင်းဝင်းမော်)**

၂၂ ဘီးကားတစ်စီး မီးလောင်မှုဖြစ်ပွား

ပဲခူး မေ ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အင်းတကော်ရဲစခန်းအပိုင် လက်ပံဝင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၃၉/၅) တွင် မေ ၃ ရက် ည ၉ နာရီခန့်က ရန်ကုန်ဘက်မှ ပဲခူးဘက်သို့ ဆက်သွယ်ရေးပစ္စည်းများတင်ဆောင်လာသော ယာဉ်မောင်းဦးမျိုးသိန်း (၄၃ နှစ်) ရွှေပြည်သာနေထိုင်သူမောင်းနှင်လာသည့် ၆ဂ/---- ယူဒီနစ်ဆန်း အနက်ရောင်ကားတစ်စီး တိုက်ရှော့ပြုတ်ပြီး လမ်းဘေးသို့ ထိုးကျစဉ် ကားခေါင်းမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ ကာလတန်ဖိုးငွေကျပ်သိန်း ၁၀၀ ကျော်ခန့်ဆုံးရှုံးခဲ့သည်။ အခင်းဖြစ်နေရာသို့ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့်အဖွဲ့၊ ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဇော်မင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးအေးမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ လာရောက်မီးငြိမ်းသတ်ရာ ည ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်း ဦးမျိုးသိန်းအား ပဲခူးအင်းတကော်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သန့်စင်

ပြည်တွင်းသတင်းနှင့်ဖော်ပြော

မြန်မာ့အလင်း

စာတည်းထံပေးစာများ

အများသုံးလှေကားရှေ့တွင် ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ၁၄၄ လမ်းရှိ တိုက်အမှတ် ၁၄ တွင် အပေါ်ထပ်၌ နေသူတစ်ဦးသည် အများသုံးလှေကားရှေ့တွင် ကုန်ခြောက်ဆိုင်ဖွင့်ထားသည်။ ဆိုင်၏အမိုးကို အခိုင်အခံ့ပြုလုပ်ပြီး ဆိုင်ခုံကို သံထည်ဖြင့်ပြုလုပ်ထားသောကြောင့် တိုက်တွင်နေထိုင်သူ သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူများမှာ အဆင်းအတက် အခက်အခဲဖြစ်ရသည်။ အထူးသဖြင့် ဝန်လေးပစ္စည်းများအတင်အချလုပ်ရာတွင် ခက်ခဲမှုများစွာရှိသည်။ ထို့ကြောင့် ထိုကုန်ခြောက်ဆိုင်ကို တိုက်နှင့်မျက်နှာချင်းဆိုင်ကွက်လပ် သို့မဟုတ် ဈေးအတွင်းသို့ ပြောင်းရွှေ့ရောင်းချနိုင်ရန်စီစဉ်ဆောင်ရွက်ပေးနိုင်ရေး တင်ပြလိုက်ရပါသည်။ **အဆင်ပြေလိုသူ**

တရားမဝင်မီးသုံးစွဲမှု ကြပ်မတ်ဖြေရှင်းပေးရန်လို

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဇေယျာသုခလမ်းတွင် လုပ်ငန်းရှင်များ၏ တရားမဝင်မီးသုံးစွဲမှုကြောင့် မီးအားအတက်အကျများသည့် ဖြစ်စဉ်များ မကြာခဏဖြစ်ပွားနေပါသောကြောင့် ရပ်ကွက်အတွင်း နေထိုင်သူများမှာ မီးဘေးအန္တရာယ်အတွက် များစွာစိုးရိမ်သောကဖြစ်နေရပါ၍ သက်ဆိုင်ရာမှ တာဝန်ယူကြပ်မတ်ဖြေရှင်းပေးပါရန် တင်ပြအပ်ပါသည်။ **လျှပ်စစ်အန္တရာယ်ကင်းဝေးစေလိုသူ**

စည်ပင်မြောင်းပေါ်တွင် ဝပ်ရှော့ရုံတည်ဆောက်လုပ်ကိုင်နေ

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (ဆ+က) ရပ်ကွက် ရတနာမဉ္ဇူလမ်းထောင့်ရှိ ဝပ်ရှော့အလုပ်ရုံသည် စည်ပင်မြောင်းပေါ်ခွ၍ လုပ်ငန်းလုပ်ကိုင်နေပြီး ယင်းဝပ်ရှော့သို့လာသောကားများကြောင့် လမ်းပိတ်ဆို့မှုဖြစ်၍ လမ်းသွားလမ်းလာများအား အနှောင့်အယှက်ဖြစ်သည့်အပြင် ဝပ်ရှော့မှ စည်းကမ်းမဲ့စွန့်ပစ်ဆီများကြောင့် လမ်းများညစ်ပတ်နေပြီး ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်နေပါသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

ရေမြောင်းပေါ်မှအိမ်သာများ ဖယ်ရှားရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ၁၃ ရပ်ကွက်အတွင်းရှိ နေအိမ်အများစုသည် ယင်လုံအိမ်သာ၊ အိမ်သာကျင်းများမထားရှိဘဲ နောက်ဖေးရေမြောင်းများအတွင်း အိမ်သာများ ဆောက်လုပ်ထားခြင်း၊ ရေဆိုးပိုက်များသွယ်တန်းတပ်ဆင်ထားခြင်းများကြောင့် ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင်သော်လည်းကောင်း၊ ရပ်ကွက်သန့်ရှင်းရေးအတွက်သော်လည်းကောင်း၊ အဘက်ဘက်မှ အဆင်မပြေပါ၍ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။ **ကျန်းမာရေးနှင့်သန့်ရှင်းရေးကို လိုလားသူ**

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ အကျိုးဆောင်စာရင်းစစ် **ဦးကျော်ဝင်း (MD, National Wood Industry Ltd)** အား ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ခြင်းကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု (တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု)**ကို (၃၀-၄-၂၀၁၃)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ အကောင်းဆုံး ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင် / အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

နိုင်ငံတကာအားကစားသတင်း

ရင်ခုန်စွာ စောင့်ကြည့်ရဦးမယ့် စီးရီးအေပွဲစဉ် (၃၅)

အီတလီစီးရီးအေပွဲစဉ် (၃၅)ကို မေ ၅ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ စီးရီးအေဖလားအတွက် စိတ်လှုပ်ရှားဖွယ်ရာမရှိတော့ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မျှော်လင့်ချက်ရောင်ခြည်ရှိသေးတဲ့အသင်းတွေ့ရဲ့အားထုတ်မှုနဲ့ ဘယ်အသင်းတန်းဆင်းမလဲဆိုတာတွေကလည်း စိတ်ဝင်စားဖွယ်ကောင်းနေတာမို့ စောင့်ကြည့်ရဦးမယ့်ပွဲတွေ ပါဝင်နေပြန်ပါတယ်။

အူဒီးနိစ်နှင့် ဆမ့်ဒိုးရီးယား

အူဒီနိစ်အတွက်ကတော့ အမှတ်ရအောင်ယူရမယ့် ပွဲဖြစ်သလို ဆမ့်ဒိုးရီးယားတို့ကလည်း တန်းစီဇယားမှာ ရပ်တည်မှုသေချာဖို့ ရသလောက်အမှတ်ယူဖို့ ကြိုးစားပါလိမ့်မယ်။ အူဒီးနိစ်ရဲ့အားသာချက်က ခံစစ်ကြောင်း သိပ်သည်းခိုင်မာတာမို့ ဆမ့်ဒိုးရီးယားတိုက်စစ်မှူးတွေအတွက် ခက်ခဲမှုတွေ ကြုံတွေ့ရနိုင်ပါတယ်။ ဒါ့အပြင် အူဒီးနိစ်တိုက်စစ်မှူး နာတာလီက ဂိုးသွင်းခြေစွမ်းထက်မြက်သူဖြစ်တာမို့ ဆမ့်ဒိုးရီးယားတို့ ကြိုးစားဟန့်တားရမှာပါ။ ဒီပွဲမှာ အိမ်ရှင် ပရိသတ်အဖြစ်အားပေးတာကောင်းမယ်လို့ ထင်ပါတယ်။

ဂျူဗင်တပ်စ်နှင့် ပါလာမို

ဒီပွဲရလဒ်က အရေးမကြီးတော့ဘဲ အိမ်ရှင်ဂျူဗင်တပ်စ်ဟာ တန်းဆင်းဇုန်ထဲမကျဆင်းအောင် ရုန်းကန်နေရတဲ့ပါလာမိုကို ဘယ်လိုကစားသမားတွေနဲ့ ပွဲထွက်လာမလဲဆိုတာစောင့်ကြည့်ရမှာပါ။ ပါလာမိုဟာ အမှတ်လိုအပ်ချက်ပြင်းပြနေတာမို့ ဂျူဗင်တပ်စ်ကို မာမာတင်းတင်းတုံ့ပြန်ကစားမှာ သေချာပါတယ်။ ပါလာမိုတိုက်စစ်မှူးတွေက ခံစစ်ခိုင်လုံတဲ့ ဂျူဗင်တပ်စ်နောက်တန်းကို ကျော်ဖြတ်ဖို့ဆိုတာကလည်း ခက်ခဲတဲ့ပုစ္ဆာတစ်ခုလို ဖြစ်နေပါတယ်။

အေစီမီလန်နှင့် တိုရီနို

တန်းစီဇယား စတုတ္ထနေရာက ဖီအိုရင်တီးနားတို့ရဲ့ ဖိအားပေးနေမှုကြောင့် အေစီမီလန်တို့လည်း ပွဲတိုင်းအားလျှော့လို့မရသေးတာမို့ ဒီပွဲကို အနိုင်ရအောင် ကစားပါလိမ့်မယ်။ တန်းမဆင်းရရေး စိတ်အေးရဖို့အတွက် အမှတ်လိုအပ်နေတဲ့ တိုရီနိုဟာ ဒီပွဲမှာမျှော်လင့်သလို ဖြစ်လာဖို့ခဲယဉ်းပါလိမ့်မယ်။ အေစီမီလန် တိုက်စစ်မှူးတွေဖြစ်တဲ့ ပါဇီနီနဲ့ ဇာရေးတို့ရဲ့ဂိုးသွင်းခြေမှန်မှုက အေစီမီလန်ကို အမှတ်ပြည့်ရယူပေးမလားဆိုတာ စိတ်ဝင်စားစရာပါ။

နာပိုလီနှင့်အင်တာမီလန်

နာပိုလီကွင်းမှာကစားရမယ့် ဒီပွဲကတော့ ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါပဲ။ တန်းစီဇယားမှာ ရပ်တည်မှုကောင်းဖို့အတွက် အင်တာမီလန်တို့ ဒီပွဲမှာ အကြိတ်အနယ်နွှဲပါလိမ့်မယ်။ ဒါပေမယ့် နာပိုလီတိုက်စစ်မှူး ကာဗာနီဟာ ကြံ့ကြံ့သလိုဂိုးသွင်းတတ်သူဖြစ်ပြီး ဒီနှစ်စီးရီးအေမှာ အခုအချိန်အထိ ဂိုးအများဆုံးသွင်းယူထားသူဖြစ်ပါတယ်။ အင်တာမီလန်ရဲ့ တိုက်စစ်မှူးပါလာစီရိုက ဂိုးသွင်းနိုင်ပေမယ့် ခံစစ်ပိုင်းအားနည်းတာမို့ နာပိုလီတို့ပဲ အမှတ်ပြည့်ရယူသွားနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဂျီနိုအာနှင့် ပက်စ်ကာရာ

တန်းဆင်းဇုန်အတွင်းမှာ ရှိနေတဲ့ နှစ်သင်းမို့ ပြိုင်ဆိုင်မှုပြင်းထန်ပါလိမ့်မယ်။ ဂျီနိုအာတို့က အမှတ်ပြည့်ရရင် တန်းဆင်းဇုန်ကလွတ်မြောက်နိုင်တာမို့ အကြိတ်အနယ်ကစားပြီး နိုင်ပွဲရလဒ်ကို ပုံဖော်ပါလိမ့်မယ်။ ဒီပွဲမှာ အခွင့်အရေးကောင်းလို့ခံယူထားတဲ့ ဂျီနိုအာတို့အတွက်တော့ သုံးမှတ်အပြည့်ရယူရေးအတွက် အားကုန်မယ့်ပွဲပါပဲ။

မိုးမြင့်လင်းလက် ရေးသည်

ချယ်လ်ဆီး ယာယီနည်းပြ ဘင်နီတက်ဇ် ပရီမီယာလိဂ်အကောင်းဆုံးနည်းပြဆုရ

ချယ်လ်ဆီး ယာယီနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အား ဧပြီလအကောင်းဆုံးပရီမီယာလိဂ်နည်းပြဆု ချီးမြှင့်လိုက်သည်။ အသက် ၅၃နှစ်ရှိ စပိန်နိုင်ငံသား ဘင်နီတက်ဇ်သည် ၂၀၁၁ ခုနှစ် ဧပြီလက အန်ဆယ်လော့တီထွက်သွားပြီးနောက် ပထမဆုံးအကြိမ်တစ်လတာ အကောင်းဆုံးနည်းပြဆုဆွတ်ခူးနိုင်ခဲ့သည်။ ဘင်နီတက်ဇ်သည် ၂၀၀၉ ခုနှစ် မတ်လက လီဗာပူးနည်းပြလုပ်စဉ် ယင်းဆုကို နောက်ဆုံးဆွတ်ခူးနိုင်ခဲ့ဖူးသည်။ ၄င်းသည် ဧပြီလအတွင်း ချယ်လ်ဆီးအသင်းကို ရှုံးပွဲမရှိကိုင်တွယ်ပေးနိုင်ခဲ့သည်။ လေးပွဲကစားရာတွင် သုံးပွဲအနိုင်ရခဲ့ပြီး အမှတ်ပေးဇယားတတိယနေရာသို့ အရောက်ပို့ပေးနိုင်ခဲ့သည်။ ယခုအခါ ချယ်လ်ဆီးအသင်းကို ယူရိုပါလိဂ်ဗိုလ်လုပွဲအထိ ပို့ပေးနိုင်ပြီဖြစ်သည်။

အနာဂတ်အတွက် မဆုံးဖြတ်ရသေးဟု နည်းပြမော်ရင်ဟို ပြောကြား

ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် ချယ်လ်ဆီးသို့ပြန်လိမ့်မည်ဟု ထင်ကြေးပေးထားကြသော်လည်း ရီးရဲမတ်ဒရစ်မှထွက်ခွာရန် မဆုံးဖြတ်ရသေးကြောင်း နည်းပြမော်ရင်ဟိုက ပြောသည်။

မော်ရင်ဟိုသည် ဇူလိုင် ၁ ရက်တွင် ချယ်လ်ဆီးသို့ ပြန်လာလိမ့်မည်ဆိုသောသတင်းအပေါ် ချယ်လ်ဆီးကမမှန်ကြောင်း ငြင်းဆိုထားသည်။ "ကျွန်တော့်ရဲ့ အနာဂတ်အတွက်ဆုံးဖြတ်ချက်ကို ကျွန်တော့်ဇနီးနဲ့ ကလေးတွေအဦးဆုံးသိရမှာပါ။ ဒီနောက်မှာတော့ ဥက္ကဋ္ဌနဲ့ ဒါရိုက်တာချုပ်တို့သိရမှာပါ" ဟု အသက် ၅၀ ရှိ မော်ရင်ဟိုက ပြောသည်။ သို့သော် ရာသီမကုန်မီ ၄င်း၏အနာဂတ်နှင့်ပတ်သက်ပြီး ပြောကြားလိမ့်မည်ဟုဆိုသည်။

ဒီပို့တီဗိုနှင့် လီဗန်တေးလုပ်ပွဲကစားဟုဆို

စပိန်ဘောလုံးအဖွဲ့ချုပ်က ဧပြီ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သော ဒီပို့တီဗိုနှင့် လီဗန်တေးတို့ကို လုပ်ပွဲကစားမှုဖြင့် စုံစမ်းစစ်ဆေးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းပွဲတွင် ဒီပို့တီဗိုက လီဗန်တေးကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ တန်းဆင်းဇုန် ရုန်းကန်နေရသော ဒီပို့တီဗိုက ပထမပိုင်း ၁၆ မိနစ်အတွင်းမှာပင် သုံးဂိုးသွင်းယူခဲ့သည်ဟုဆိုသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး လုပ်ပွဲကစားခဲ့သည်ဟု သံသယဖြစ်ပွားလျက်ရှိသည်။ လီဗန်တေးသည် အမှတ်ပေးဇယားနံပါတ် ၁၂ တွင် ရောက်ရှိနေသည်။

ကောင်းမြတ်သူ ရေးသည်

ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်ရေတွင်းတစ်တွင်းလျှင် ကုန်ကျစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

	၂"Ø x ၂၀၀'	၂"Øx ၄၀၀'	၄"Øx ၂၀၀'	၄"Øx ၄၀၀'
(က) စက်ရေတွင်းတူးဖော်ခြင်း	၄.၉၅ သိန်း	၉.၀၅ သိန်း	၉.၉၅ သိန်း	၁၉.၀၅ သိန်း
(ခ) လေမှုတ်စက်+အင်ဂျင်တပ်ဆင်ခြင်း	၂.၃၅ သိန်း	၃.၂၅ သိန်း	၂.၃၅ သိန်း	၃.၂၅ သိန်း
(ဂ) ရေစက်ရုံဆောက်လုပ်ခြင်း	၄.၇ သိန်း	၄.၇ သိန်း	၄.၇ သိန်း	၄.၇ သိန်း
(ဃ) ဂါလန်(၂၀၀၀)ဆံ့ရေကန်	၁၃ သိန်း	၁၃ သိန်း	၁၃ သိန်း	၁၃ သိန်း
စုစုပေါင်း	၂၅ သိန်း	၃၀ သိန်း	၃၀ သိန်း	၄၀ သိန်း

၂။ သို့ဖြစ်ပါ၍ စေတနာရှင် ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၃၆၂၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဖုန်း-၀၆၇-၄၀၉၄၀၉၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၁-၂၀၂၇၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ရေအကျိုးဆယ်ပါးကို မတောင်းဘဲနှင့် ပြည့်စုံနိုင်စေကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်(၂)၊ ဟော်ကုန်းရပ်၊ ဦးပိုင်အမှတ် (၁၆)၊ မြေယာအမှတ်(၆၀)၊ ဧရိယာ ၀ဒသမ ၂၇၈ဧကဟု ခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်များကို မူလအမည်ပေါက် ဦးလီရွှေရင်(ခ)ဦးထွန်းမြင့်ထံမှ ကျွန်မ ဒေါ်အေးအေးမြတ်က မှတ်ပုံတင်စာချုပ်အမှတ်(၄၃၆/၂၀၁၁)အရ ဝယ်ယူပိုင်ဆိုင်လက်ရှိနေထိုင်လျက်ရှိပြီး၊ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ကျွန်မဒေါ်အေးအေးမြတ် အမည်ပြောင်းလဲပေးရန် လျှောက်ထားရာ ဂရန်မှုနံပါတ် (၂၅၀/၂၀၁၁-၁၂)ဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

အဆိုပါ ဂရန်အမည်ပြောင်း လျှောက်ထားခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေးမြတ်
၉/မသန(နိုင်)၀၈၀၉၉၅

အမည်ပြောင်း

ဦးဇာဏီဝင်း၏သား ILBC, Primary Iမှ မောင်ကောင်းထက်သော်အား မောင်ကောင်းဇာဏီခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းဇာဏီခန့်

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် စုပေါင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

ပဲခူး မေ ၄

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာအုပ်စု ပေါက်တပင်ကျေးရွာအုပ်စု၊ ကျိုက်စကော အနောက်ကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စု၊ အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၊ ပျဉ်းမလွင်ကျေးရွာအုပ်စု၊ ကမာဖရုံကျေးရွာအုပ်စု အပါအဝင် စုစုပေါင်းကျေးရွာအုပ်စု ရှစ်အုပ်စုအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီက ကတုတ်ဘုရားကြီး စိုက်ပျိုးရေးစခန်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော တောင်သူလယ်သမား စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရသည့် အကြောင်းအရင်းကိုရှင်းပြပြီး **(ယာပုံ)** လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များအား တောင်သူလယ်သမားများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သန့်စင်**



လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar က ကြီးမှူးကျင်းပသော 1st Junior Golf Myanmar Tournament 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ဒုတိယနေ့ ၁၈ ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက် ကလပ်(တညင်းကုန်း)၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က ၁၀ နှစ်အောက်ပြိုင်ပွဲတွင် နှစ်ရက်ပေါင်း ၂၁၁ ချက်ဖြင့် တတိယရရှိသော ကျော်စိုးဟန်၊ နှစ်ရက်ပေါင်း ၁၉၈ ချက်ဖြင့် ဒုတိယရရှိသော ကောင်းမြတ်ကျော်နှင့် နှစ်ရက်ပေါင်း ၁၆၃ ချက်ဖြင့် ဗိုလ်စွဲသွားသော ဖြိုးဇံတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ၁၄ နှစ်အောက် ပြိုင်ပွဲတွင် နှစ်ရက်ပေါင်း ၁၅၈ ချက်ဖြင့် တတိယရရှိသော ဖူးပွင့်ရတီခိုင်၊ နှစ်ရက်ပေါင်း ၁၅၇ ချက်ဖြင့် ဒုတိယရရှိသော ဖုန်းပြည့်ချမ်းဟန်၊ နှစ်ရက်ပေါင်း ၁၅၇ ချက် (Play Off) ဖြင့် ဗိုလ်စွဲသွားသော ဟိန်းစည်သူတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက (၁၈-၂၄)နှစ်အောက်ပြိုင်ပွဲတွင် နှစ်ရက်ပေါင်း အချက် ၁၅၀ ဖြင့် တတိယရရှိသော ယဉ်မေမျိုး၊ နှစ်ရက်ပေါင်း ၁၄၈ ချက်ဖြင့် ဒုတိယရရှိသော သီဟငွေး၊ နှစ်ရက်ပေါင်း ၁၄၇ ချက်ဖြင့် ဗိုလ်စွဲသွားသော ဇင်မင်းသူတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော လူငယ်ဂေါက်သီးရိုက် အားကစားသမားများ စိတ်ဓာတ်တက်တက်ကြွကြွနှင့် စိတ်ချမ်းမြေ့စွာပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် C0-sponsor များအဖြစ် Elite Tech, J'Donuts (J&J Co.,Ltd.), Myanmar Thiha Co.,Ltd.,IBTC Group of Companies,Double Eagle Golf Co.,Ltd.,Han Golf Masters Pte., Ltd,နှင့် Kaung Myat Co.,Ltd., တို့ကလည်းထပ်မံ၍ ပံ့ပိုးကူညီကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန် – မြဝတီ ရာဇာမင်း ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ နှစ်ဦးဒဏ်ရာရ

ဘားအံ မေ ၄

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းကျေးရွာတွင် မေ ၂ ရက် ညနေ ၅ နာရီက ခရီးသည်တင်ယာဉ်တိမ်းမှောက်၍ လိုက်ပါစီးနင်းလာသော ခရီးသည်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အနာတရမရှိ

ဖြစ်စဉ်မှာ ဂျိုင်း(ကော့ကရိတ်) တံတား တံတားကြေးကောက်ခံသည့်ဂိတ်မှ ကိုက် ၃၀၀ ခန့်အကွာ ဂျိုင်း-ဘားအံ ကားလမ်း၌ မေ ၂ ရက် ညနေ ၅ နာရီက ယာဉ်မောင်း ဦးဆန်းထွန်းဦး (၃၉ နှစ်) (၅)လမ်း ဇေယျာမွန်ရပ်ကွက် ကျိုက်ထိုမြို့နေသူ မောင်းနှင်သော "ရာဇာမင်း" ခရီးသည်တင်မှန်လုံယာဉ် ၈ဇ/. . . လေအိတ်အဖြူရောင်သည် ဘားအံဘက်မှ ဂျိုင်းကျေးရွာဘက်သို့ မောင်းနှင်လာစဉ် ကားတန်းအား ကျော်တက်ရာမှ လမ်းချော်မှုဖြစ်ပွားပြီး လမ်း၏ဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ **(အောက်ပုံ)**ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည် ၄၇ ဦး အနက် ဒေါ်ထားဝယ် (၄၅ နှစ်)မြဝတီမြို့နေသူနှင့် ဒေါ်ကြည်ကြည်ရွှေ (၅၁ နှစ်) ပုသိမ်မြို့နေသူတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ကျန်ခရီးသည်များသည် ထိခိုက်ဒဏ်ရာ အနာတရမရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဂျိုင်းရဲစခန်းမှ ဒုရဲအုပ်သိန်းကြွယ်စိုးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဂျိုင်းရဲစခန်းမှ ယာဉ်မောင်း ဦးဆန်းထွန်းအား အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(၀၁၈)

သာမဏေနှစ်ပါး အစာအဆိပ်သင့်သေဆုံး

မော်လမြိုင် မေ ၄

မွန်ပြည်နယ် သိမ်ဇရပ်ကျေးရွာ ရွာလေးကွက်သစ်ဘုန်းကြီးကျောင်းမှ သာမဏေရှင်ပညာ (၁၂ နှစ်)ပါ သာမဏေခြောက်ပါးသည် တရုတ်နိုင်ငံလုပ် လေချူသီးအချိုရည်၊ နို့မှုန့်၊ မာလကာသီးနှင့် သီးစုံအချဉ်ရည်ဟင်းတို့ကို စားသုံးရာမှ အစာအဆိပ်သင့်ခဲ့သဖြင့် သိမ်ဇရပ်ဆေးရုံသို့ ဧပြီ ၂၉ ရက် ညနေ ၃ နာရီခွဲက တင်ပို့ခဲ့ကြောင်း သိရသည်။

ထိုသို့တင်ပို့ခဲ့ရာမှ ရှင်ပညာသည် ပဲခူးဆေးရုံကြီးသို့ လွှဲပြောင်းကုသရန် ထွက်ခွာစဉ် လမ်း၌သေဆုံးသွားခဲ့ပြီး ရှင်ကောသလ (၁၃ နှစ်) သည် သိမ်ဇရပ်ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ ကျန်ရှင်တေစိတ္တပါ သာမဏေလေးပါးသည် သိမ်ဇရပ်ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သိမ် ဇရပ်ရဲစခန်းမှ သေမှုသေခင်းအရ အမှုဖွင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော် ဦးသြဘာသပါ ရဟန်းခြောက်ပါးနှင့် သာမဏေရှစ်ပါး စုစုပေါင်း သံဃာ ၁၄ ပါး သီတင်းသုံး နေထိုင်လျက်ရှိကြောင်း သိရသည်။ **တင်ထွဋ်**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းဝင်းခိုင်၏ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၆၃၄၅၉

GOLDEN STAR Travels & Tours

May-23

လူပျောက်ကြော်ငြာ

ဓာတ်ပုံရှင် ဦးအုန်းမြ ၁၂/အစန(နိုင်)၁၂၂၃၁ ယခုအသက်(၇၀)ခန့် အရပ် ငါးပေနှစ်လက်မခန့်၊ ခန္ဓာကိုယ်သေးသွယ်ပြီး ဆံပင်တစ်ခေါင်းလုံးဖြူနေသူသည် တပ်မတော်(လေ)မှ အငြိမ်းစားယူပြီးနောက် ၂၀၀၃ခုနှစ်တွင် အိမ်မှတစ်ဦးတည်းထွက်ခွာသွားခဲ့ရာမှ ယနေ့အထိ မိသားစုနှင့်လုံးဝအဆက်အသွယ်ပြုလုပ်ခြင်း မရှိတော့ပါသော်လည်း အင်းစိန်နှင့် ဗိုလ်တထောင်မြို့နယ်အတွင်းတွင် မကြာခဏ တွေ့ရပါကြောင်း သတင်းရရှိ၍ မိသားစုမှ လိုက်လံစုံစမ်း ရှာဖွေလျက်ရှိပါသည်။ ၎င်းသည် မှတ်ဉာဏ်အားချို့ယွင်း၍ မိမိနေအိမ်အား မမှတ်မိကြောင်း သုံးသပ်ရပါသဖြင့် တွေ့ရှိသူများမှ ကူညီသတင်းပေးကြပါရန်နှင့် ကူညီရှာဖွေပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၀၄၇၅၃၄၊ ၀၉-၅၃၄၂၃၈၃

(၁)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဖေဖေ ဦးဝေဖြိုးမောင်နှင့် မေမေ ဒေါ်စိုးစန္ဒီစိုးအောင်တို့၏ ရင်နှစ်သည်းချာ ချစ်ရပါသော သမီးဦးလေး၊ ဘိုးဘိုး၊ ဘွားဘွားတို့ရဲ့အသည်း ချစ်ရတဲ့မြေးဦးလေး ၂၀၁၂ခုနှစ် မေ ၅ရက် (ကဆုန်လပြည့်နေ့) နေ့ထူးနေ့မြတ်မှာ ဖွားမြင်တဲ့ မြေးဦးလေး **နဒီဝေ(ခ)မေ၏ ယနေ့ ၂၀၁၃ခုနှစ် မေ ၅ရက်မှာ ကျရောက်သော တစ်နှစ်ပြည့်** မွေးနေ့မင်္ဂလာမှသည် မွေးနေ့နှစ်ပေါင်း ၁၂၀တိုင် ထူးမြတ်စုံလင်တဲ့ သမီးလေးအဖြစ် ဘိုးဘိုးဘွားဘွား၊ မိဘနှစ်ပါးနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အမျိုးဘာသာ၊ သာသနာ့ဂုဏ်ဆောင်နိုင်သော သမီးကောင်းရတနာဖြစ်သည့်အပြင် မိဘအပေါ် ရိုသေကိုင်းရှိုင်း သိတတ်နားလည်သော သမီးလေးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

မြေးလေးကိုသိပ်ချစ်တဲ့-

ဘိုးဘိုး - ဦးတေဇာစိုးအောင်

ဘွားဘွား - ဒေါ်ခင်စိုးကြည်

ပြန်လည်တောင်းပန်ခြင်း

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့)မြန်မာ့အလင်းသတင်းစာတွင် (ရေမီတာဖိုး တိုးကောက်မှုဖြေရှင်းပေးစေချင်)ခေါင်းစဉ်ပါ အကြောင်းအရာ၌ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ စံရိပ်ငြိမ်(၆)လမ်း၊ အမှတ်(၆၆/၆၈) တိုက် A+B ကိုယ်ပိုင်အဆောက်အအုံနှင့် ပတ်သက်၍ မိမိ ဦးတင်မောင်မောင်အုန်းနှင့် တိုက်ခန်းနေထိုင်ကြသူများမှ နားလည်မှုလွဲမှားပြီး မြေရှင်ဒေါ်ရှုကြူအား ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်မရှိဘဲ မသိနားမလည်၍ ထည့်သွင်းခဲ့မိပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ မြေရှင်အား တောင်းပန်အပ်ပါသည်။

ဦးတင်မောင်မောင်အုန်းနှင့်တိုင်ကြားခဲ့သူများ

ဘူမိအင်ဂျင်နီယာသင်တန်းဖွင့်လှစ်ခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံနိုင်ငံ ဘူမိသိပ္ပံအသင်း (Geotechnical Committee) တို့မှ ကြီးမှူး၍ ၂၀၁၃ခုနှစ် မေ ၃၁ရက်မှစတင်၍ Geotechnical Engineering Course သင်တန်း (၁၀/၂၀၁၃)ကို အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ Geotechnical Engineering Course သင်တန်းသို့ စိတ်ပါဝင်စား၍ တက်ရောက်လိုသူများ အနေဖြင့် MGS ရုံးခန်း၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၁၉၆၇၃-၇၆ Ext-၅၀၁၊ ၀၉-၄၃၁၁၈၂၁၇၊ ၀၉-၅၁၆၂၁၆၉တို့သို့ဆက်သွယ်စုံစမ်းစာရင်းသွင်းနိုင်ပါသည်။

ကားရောင်းမည်

Townace Light Turck, 1 Ton, 4 WD, Diesel, Manual, 90000km, 150Lakh,

ဖုန်း-၀၉-၅၁၂၄၇၆၅

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၈၃၄၊ အမည်ပေါက် ဦးတင်ဝင်း ၁၂/ကတန(နိုင်)၀၄၅၇၆၂၏ မြေကွက်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်သူ ဦးမြင့်ဌေး ၁၂/ကတန(နိုင်)၀၁၃၃၉၈က မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန် (မူရင်း)တင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေး ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ အီး၁)၊ မြေကွက်အမှတ် (၆၂ အက်ဖ်၃)၊ ဧရိယာ ၀ ဒသမ ၁၉၈ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် ၇၂ (အီး)ဟုခေါ်တွင်သော နေအိမ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မင်း ၁၂/မရက(နိုင်)၀၀၈၅၀၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန် ရောင်းဈေးတန်ဖိုး၏ အစိတ်အပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမွှေ LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)
အမှတ် ၄၆/ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နန်းဆောင်ခမ်း ၉/မကန(နိုင်)၀၀၅၆၆၃၏ နိုင်ငံကူးလက်မှတ် ၆၉၄၅၈၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၆၃၆၉၄

အမြန်ရောင်းမည်

၁။ အမှတ်(၂/က)၊ အင်းလျားရိပ်သာလမ်း၊ ပေ (၄၀×၇၀)(ဂရန်မြေ)၊ နှစ်ထပ်လုံးချင်း၊ ရေ၊ မီး၊ (ရိုးရိုးမီတာ၊ ပါဝါမီတာ)၊ ဖုန်း၊ ကားဂိုဒေါင်၊ Master Bedroom သုံးခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်းအသင့်ပြင်ဆင်ပြီး။

၂။ အမှတ်(၃၃/၃၅)၊ မြယာကုန်းလမ်း၊ ပေ(၂၅×၇၅)၊ RC ငါးလွှာ(Hall Type)ရေ၊ မီးအပြည့်အစုံ၊ သံပန်း ဘာဂျာတံခါးတပ်ဆင်ပြီး။

၃။ အမှတ်(၃၈၆)၊ ဝေဇယန္တာလမ်းမကြီး၊ ပေ (၁၄×၅၀)၊ RC (Hall Type)၊မြေညီထပ်၊ ရေ၊ မီးအပြည့်အစုံ။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၄၁၈၇၅၈၊ ၀၉-၄၉၂၂၅၃၁၆၊ ၀၉-၄၂၀၁၈၇၆၄၂

ကြော်ငြာ

Sittway Bank

သမဝါယမဘဏ်လီမိတက် (စစ်တွေဘဏ်ခွဲ) ဖွင့်လှစ်ခြင်း

ဘဏ်လုပ်ငန်းကိစ္စ အရပ်ရပ် နှင့် ပြည်တွင်း ငွေလွှဲလုပ်ငန်းများကို (၃.၅.၂၀၁၃) နေ့မှစ၍
အမှတ် - (လမ/၃၅)၊ လမ်းမကြီး၊ ရှပတောင်ရပ်ကွက်၊
စစ်တွေမြို့၊ ရခိုင်ပြည်နယ် တွင် ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။

Phone : (043) 228 11 , 228 08

Fax : (043) 228 09, 228 10, 22812

CB Bank 24/7 Hotline number : 1874

E-mail : contact@cbbankmm.com Web Site : www.cbbankmm.com

Facebook : https://www.facebook.com/CBBankmyanmar

Let's Win Win Together !

သဘာဝဘေးအန္တရာယ်

မိုးကြိုးထိမှန်သေဆုံး

အင်းတော် မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း မေ ၁ရက်က လေပြင်းများ တိုက်ခတ်၍ မိုးကြိုးများဖြစ်ပေါ်ခဲ့သည်။ ထိုသို့ဖြစ်ပေါ်ခဲ့ရာ အင်းတော်မြို့နယ် မအူကုန်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာနေ ဦးစိုးနိုင် (၄၂နှစ်)သည် မိုးကြိုးစက်ကွင်းအတွင်းကျရောက်၍ မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ လေပြင်းများ တိုက်ခတ်၍ မိုးကြိုးများဖြစ်ပေါ်နေစဉ်ဦးစိုးနိုင်သည် နေအိမ်အတွင်း၌ ရေဒီယိုနားထောင်နေစဉ် မိုးကြိုးဖြစ်ပေါ်၍ စက်ကွင်းအတွင်း ကျရောက်ကာ မိုးကြိုးထိမှန်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ လေပြင်းများ တိုက်ခတ်ခြင်းကြောင့် အင်းတော်မြို့၏ တောင်ဘက်ခြမ်းရှိ မဲဇာဒေသအတွင်း ကျေးရွာအချို့တွင် အိမ်အမိုးလန်ခြင်း၊ ဆိုင်ခန်းအချို့ ပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

(ကျော်သီဟ)

စဉ့်ကိုင်မြို့၌ မိုးသက်လေပြင်းတိုက်ခတ်၍ အိမ်ခြေ၄၇လုံး ပျက်စီး

စဉ့်ကိုင် မေ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့တွင် မေ ၁ ရက် ည ၉ နာရီက မိုးသက်လေပြင်း တိုက်ခတ်၍ မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၄၇လုံးခန့်နှင့်ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးရှိ သစ်ပင်များပြိုလဲခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်သောကြောင့် စဉ့်ကိုင်မြို့နယ် ဇော်ဂျီကျေးရွာတွင် အိမ်ခြေ ၇ အိမ်ခန့် ခေါင်မိုးများပြိုကျ၍ အိမ်ခြေ ၃၇ လုံးမှာ တစ်ခြမ်းစီလေထဲပါသွားပြီး ကျောက်တန်းကျေးရွာတွင် အိမ်ခြေသုံးလုံးခေါင်မိုးများပျက်စီးကာ ကျေးရွာအတွင်းရှိ သစ်ပင်ကြီးများပြိုလဲခဲ့သည်။ ထို့အပြင် ရန်ကုန်-မန္တလေးကားလမ်း (လမ်းဟောင်း) မိုင်တိုင် ၄၀၇/၃ မှ ၄၀၈/၄ကြား ဘယ်လင်းကျောက်ပြားစက်ရုံလမ်းခွဲနှင့် တောမတက္ကသိုလ်လမ်းခွဲကြားရှိ သစ်ပင်များ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲခဲ့ရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့ရသော အိမ်များနှင့် သစ်ပင်များကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကလေးမြို့ဝန်းကျင်၌ လေပြင်းများကျရောက်

ကလေး မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံလှကျေးရွာနှင့် ကျီကုန်းကျေးရွာတို့တွင် မေ ၂ ရက် နံနက် ၂နာရီခွဲက မိုးသက်လေပြင်းများ ကျရောက်သဖြင့် ကျီကုန်းကျေးရွာရှိ သစ်ပင်များပြိုလဲကာ ဈေးဆိုင်ခန်းများနှင့် လူနေအိမ်များပေါ်သို့ ကျရောက်ခဲ့သော်လည်း ဈေးဆိုင်ခန်းများရှိ မနန်းလှိုင်၊ မအေးရွှေ၊ မနုနုခိုင်တို့နှင့် အိမ်ရှိဦးအောင်ထူးနှင့်ဇနီး မမိညိုတို့အသက်ဘေးမှ ကင်းဝေးခဲ့ကြောင်း သိရသည်။

တစ်ဖန် ကလေး-တမူးလမ်းဘေးရှိ ကံလှကျေးရွာတွင်လည်း လေပြင်းများကျရောက်သဖြင့် အခြေခံပညာမူလတန်းကျောင်းခွဲ အဆောက်အအုံအမိုးများနှင့်သွပ်များ ပျက်စီးသွားခဲ့ပြီး အချိန်မီပြုပြင်ခြင်းမရှိပါက ကျောင်းဖွင့်ရာသီတွင် ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရေး အခက်အခဲဖြစ်နိုင်ကြောင်း ကျေးရွာပြည်သူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

(သျှင်နေမင်း)

မေ ၁ ရက်က တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာ စံထွန်းဝေဦးဆောင်သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပွားတတ်သည့် ခွေးကျောက်ရောဂါကြိုတင်ကာကွယ်ရေးအတွက် လွယ်တော်ခမ်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ကာကွယ်ဆေးထိုးနှံလုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ်။

(ဝ၆၀)

ဘော်လခဲမြို့၌ မိုးသည်းထန်စွာရွာသွန်း

လွိုင်ကော် မေ ၄

ဘော်လခဲမြို့၌ ဧပြီ ၂၉ရက် ညနေ ၃နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများကျရောက်ခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ဘော်လခဲမြို့ ရှမ်းပိုင်းရပ်ကွက်မှ အိမ်ရှစ်လုံးနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်းတို့မှ အမိုးများ လေနောက်လွင့်ပါပျက်စီးသွားသည်။ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ပျက်စီးမှုများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူငယ်များက ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ပေးပြီး ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ရန်မလိုကြောင်းနှင့် ၎င်းတို့၏ နေအိမ်များ၌သာနေထိုင်၍ ပြုပြင်လျက်ရှိကြောင်း၊ ယင်းသို့ဖြစ်ပွားရာနေရာများသို့ ပြည်နယ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ရာ ၆ပေသွပ်ချပ် ၂၈၀၊ ၁၂ ပေသွပ် ၄၄ချပ် ပျက်စီးသွားပြီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀သိန်းခန့် ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

(ဘော်လခဲပြန်/ဆက်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါ၍ ၂၀၁၃ခုနှစ်တွင် အဋ္ဌမတန်းအောင်မြင်သော အသက်(၁၇)နှစ်အောက် ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက AGTI ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၃။ (၂)နှစ်သင်တန်းကို ရိုးရိုးအဆင့်ဖြင့်အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း လေးလတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအောင်မြင်ကြောင်းလက်မှတ် Certificate ရရှိပြီးပါက အစိုးရဌာနများတွင် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ ပညာဆက်လက်ဆည်းပူးလိုပါက ပထမနှစ်သင်တန်းအောင်မြင်ပြီး ဒုတိယနှစ်သင်တန်းအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

ဖွင့်လှစ်မည့် သင်တန်းများ

၄။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)
(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)
(ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)
(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
(စ) လေးအေးစက်နှင့် အအေးပေးစနစ်ပြုပြင်မွမ်းမံမှုနည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
(ဃ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
(ဇ) သုတနည်းပညာသင်တန်း (Information Technology)

သင်ကြားရမည့်ဘာသာရပ်များ

၅။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်ပါသည်-

(က) မြန်မာစာ	(င) ဓာတုဗေဒ
(ခ) အင်္ဂလိပ်စာ	(စ) ဘောဂဗေဒ
(ဂ) သင်္ချာ	(ဆ) မိမိသင်တန်း၏ အထူးပြုဘာသာရပ်
(ဃ) ရူပဗေဒ	(ဇ) ပုံဆွဲဘာသာရပ်

ကျောင်းအပ်စတင်လက်ခံမည့်ရက် - ၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့)
ကျောင်းစတင်ဖွင့်လှစ်မည့်ရက် - ၃-၆-၂၀၁၃ရက် (တနင်္လာနေ့)
ကျောင်းလက်ခံမည့်နောက်ဆုံးရက် - ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့)

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရယူလျှောက်ထားနိုင်ပြီး ၇-၆-၂၀၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ မိမိလျှောက်လွှာရယူထားသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် Desktop Computer, Lap top (Computer), Laser Printer A4, Color Printer A4, Color Printer A3, Copier A3, Fax, Calculator (12 Digits), Calculator (16 Digits), Scanner A4, Scanner A3, Visual Presenter, Projector, Digital Voice Recorder နှင့် Digital Camera များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၅-၂၀၁၃
တင်ဒါပိတ်မည့်ရက် - ၇-၆-၂၀၁၃
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂၊ ၄၁၀၃၉၁

ပျောက်ဆုံးကြောင်း

ကျွန်မယဉ်ယဉ်အေး ၁၂/ဒဂန(နိုင်)၀၁၉၉၁၁၏ Pass Port သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသည်။

ဖုန်း-၀၉-၄၂၀၃၃၇၈၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားအနေဖြင့် တည်ဆောက်မည့် စက်ခေါင်းသစ်တည်ဆောက်ရေးစက်ရုံ(နေပြည်တော်)နှင့် တွဲသစ်တည်ဆောက်ရေးစက်ရုံ(မြစ်ငယ်)တို့အတွက် EIA (Environmental Impact Assessment) နှင့် SIA(Social Impact Assessment) အစီရင်ခံစာများ ပြုစုခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်။

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အသိအမှတ်ပြု ရေးသားပိုင်ခွင့်ရှိပြီး စိတ်ပါဝင်စားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းတန်ဖိုးအား မြန်မာကျပ်ငွေဖြင့် တင်သွင်းကြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းအသေးစိတ်နှင့်ပုံစံကို ၆-၅-၂၀၁၃ ရက်မှအစပြု၍ အောက်ပါလိပ်စာတွင်တောင်းယူပြီး တင်ဒါအဆိုပြုချက်ကို ၃၁-၅-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀ နာရီမတိုင်မီ နောက်ဆုံးထား၍ တင်သွင်းကြရန်ဖြစ်ပါသည်-

ဦးဝင်းဦး၊ အထွေထွေမန်နေဂျာ(စက်ရုံ)၊ စက်ခေါင်းစက်ရုံ(အင်းစိန်)၊

ဖုန်း-၀၁-၆၄၂၄၄၉၊ ၀၁-၆၄၀၂၇၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.06/DHPI/Spare/ 2013-2014	
(က)	**Spare Parts (Heavy Machinery Spare)**	**1 Lot**

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၅-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဇွန်လ ၁၈ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

စက်ရုံနှင့် လုပ်ငန်းရောင်းရန်ရှိသည်

လက်ရှိလည်ပတ်နေသော အရက်ချက်စက်ရုံ၊ သကြားစက်ရုံနှင့် အရက်လုပ်ငန်းကို ရောင်းချရန်ရှိသည်။ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် ပွဲစားမလို။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၂၁၂၈၅၈၊
- ၀၈၁-၂၁၂၁၁၅၃

5-5 (15).pmd 1 5/4/2013, 12:26 AM

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မီးများအားလုံးငြိမ်းပါစေ

သတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ - ကျော်ဆန်း

မေ ၅ ရက်သည်ကား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၆၇)နှစ်ပြည့်မြောက်သောနေ့ပင် ဖြစ်ပါသည်။

ရင်တွင်းရှိ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ သောကမီးများနှင့် အပြိုင် နိုင်ငံပိုင်အလုပ်ရုံ၊ စက်ရုံအဆောက်အအုံများ၊ ပြည်သူအများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကိုပင် လောင်ကျွမ်းလျက်ရှိနေသော မီးတောက်မီးလျှံများသည်ကား အလွန်မှပင်ကြောက်စရာကောင်းလှပေသည်။

ထိုသည်မှ မြင်တွေ့နေရသော ရုပ်ဝတ္ထုလောင်ကျွမ်းမှု မီးဘေးအန္တရာယ်နှင့် မဖိတ်ခေါ်ပါဘဲနှင့် အလည်လာတတ်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာတိုင်း မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိအသက်ကိုပင် ပဓာနမထား၊ ရှေ့ဆုံးမှပင် ကာကွယ်စောင့်ရှောက်တတ်သူများဖြစ်သည်ကို ရှေ့ဖြစ်စဉ်များက သာဓကအဖြစ် ထင်ထင်ရှားရှားရှိခဲ့သည်။

ထို့ကြောင့် မေ ၅ ရက်ရောက်တိုင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ဌာနဆိုင်ရာနှင့် မိဘပြည်သူများက နှစ်စဉ်ဂုဏ်ပြုလေ့ရှိသည်ကို တွေ့ရပါသည်။

သို့အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်(သန္ဓေ၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်)များအား ဂုဏ်ပြုရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်ကို မေ ၄ ရက်နှင့် ၅ ရက်ညများတွင် MRTV, MRTV-4, Sky Net, မြဝတီရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

သုခမိန် ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်သူအဖြစ် ဦးကျော်(စိတ်ပညာ) ဝတ္ထုဇာတ်ညွှန်း မိုးနီလွင်၊ ဒါရိုက်တာ အကယ်ဒမီမီးပွားတို့က ဂုဏ်ပြုခဲ့ခြင်းဖြစ်သည်။

ဇာတ်လမ်းမှာ ရင်တွင်းခံစားချက်နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်တိုင်းအား အမုန်းမာနဖြင့် သရုပ်ဆောင် အားကောင်းခဲ့သော အကယ်ဒမီ မို့မို့မြင့်အောင်၊ ကိုယ်ရေးကိုယ်တာရင်တွင်းခံစားချက်နှင့် ယှဉ်လာ ပါလျှင် ပြည်သူလူထု၏ ဘေးအန္တရာယ်ကိုသာ ဦးစားပေးကာကွယ် စောင့်ရှောက်တတ်သော မီးသတ်သမားကောင်းတစ်ဦးအဖြစ် အကယ်ဒမီ ဇင်ဝိုင်းတို့၏ အနုပညာအားပြိုင်မှုနှင့်အတူ ဖခင်မီးသတ်သမားကောင်းတစ်ဦး၏ သွေးတို့ဖြင့် မွမ်းထုံနေသော သရုပ်ဆောင် စူးရှတို့၏ သုံးပွင့်ဆိုင်အချစ်နှင့်တာဝန် ဇာတ်လမ်းကောင်းတစ်ခုအဖြစ် ရှုမြင်ခံစားရသည်။

ထို့အပြင် သရုပ်ဆောင် သားညီ၊ မိုးယံဇွန်၊ မိုးယုစံ၊ ဝါဆိုမိုးဦး၊ အကယ်ဒမီခင်မို့မို့အေးနှင့် အခြားသရုပ်ဆောင်များ၏ အနုပညာစေတနာ အလင်းတန်းများကလည်း မီးသတ်တပ်ဖွဲ့ဝင်များအပေါ် ကြည်လင်သော အမြင်ဖြင့် ထင်လင်းစေခဲ့သည်။

နောက်ဆုံး စက်ရုံမီးလောင်မှု ဇာတ်သိမ်းခန်းကိုဖြင့် စာရေးသူအနေဖြင့် အကြိုက်ဆုံးဟု ဆိုချင်ပါသည်။ ဇာတ်လမ်း၏ အထွတ်အထိပ်ဟုပင် ဆိုရပါမည်။ မီးဘေးအန္တရာယ်ကျရောက်နေသော ပြည်သူများ၏ ရင်တွင်းမှတောက်လောင်နေသော သောကမီး၊ မီးသတ်ဝတ်စုံမြင်လျှင်ပင် မိမိရင်တွင်းခံစားချက်တစ်ခုတည်းဖြင့် အမုန်းတရားကို အခြေခံကာ တောက်လောင်နေသော မာန်မာနအတ္တမီး၊ ထိုမီးများအားလုံးကို ငြိမ်းအေးစေနိုင်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ၏ သက်စွန့်ကြိုးပမ်း ဇာတ်သိမ်းခန်းလေးပင်ဖြစ်ပါသည်။

သတင်းကောင်း

ထပ်လောင်းဆိုရပါမူ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ မွန်မြတ်သောရည်မှန်းချက်များဖြစ်သည့် မီးဘေးလုံခြုံရေး သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို ဇာတ်အိမ်ခိုင်ခိုင် သရုပ်ဆောင်အားကောင်းကောင်းဖြင့် ရိုက်ကူးထားသော "မီးများအားလုံးငြိမ်းပါစေ" သည် (၆၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်ကားကောင်းတစ်ခုဖြစ်ပါကြောင်း ရုပ်ရှင်ချစ်ပရိသတ်အပေါင်းအား သတင်းကောင်း ပါးအပ်ပါသည်။

ရုပ်/သံလိုင်းများမှ ထုတ်လွှင့်ပြသသွားမည့် "မီးများအားလုံးငြိမ်းပါစေ" ရုပ်မြင်ဇာတ်လမ်းမှ စိတ်လှုပ်ရှားဖွယ် ဇာတ်ဝင်ခန်းတစ်ကွက်ကို တွေ့ရစဉ်။

ဖျာပုံ ကျုံကဒွန်းကျေးရွာ (၉)ရပ်ကွက် မီးလင်းပြီ

ဖျာပုံ မေ ၄

ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ(၉)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးအတွက် 11/0.4 KV၊ 160KVA ဓာတ်အားခွဲရုံတည်ဆောက်၍ ကျေးရွာအတွင်း ဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ပြီးစီးခဲ့သဖြင့် ကျုံကဒွန်းကျေးရွာ မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၉ ရက်က အဆိုပါ ဓာတ်အားခွဲရုံရှေ့တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ခိုင်စိုးနှင့် ကျုံကဒွန်းရဲစခန်းမှူးတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ကျုံကဒွန်းကျေးရွာ(၉)ရပ်ကွက်ရှိ အိမ်ခြေ ၃၀၀ ကျော်တွင် အိမ်ခြေ ၄၈ လုံးနှင့် စာသင်ကျောင်း သုံးကျောင်းတို့က အိမ်သုံးမီတာတပ်ဆင်၍ လျှပ်စစ်မီးရယူသုံးစွဲနေပြီး ကျန်အိမ်ထောင်စုများမှသည် အိမ်သုံးမီတာတပ်ဆင်ခွင့် လျှောက်ထား၍ လျှပ်စစ်မီးသုံးစွဲနိုင်တော့မည် ဖြစ်သည်။ ဖျာပုံမြို့နယ်တွင် ကျုံကဒွန်းကျေးရွာနည်းတူ အခြားကျေးရွာများတွင်လည်း ကိုယ့်အားကိုယ်ကိုး မီးလင်းနိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်း၍ မီးလင်းနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ချမ်းသာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်တက္ကသိုလ်
ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်-

(က) မြန်မာစာ
(ခ) အင်္ဂလိပ်စာ
(ဂ) ပထဝီဝင်
(ဃ) သမိုင်း
(င) ဒဿနိကဗေဒ
(စ) စိတ်ပညာ
(ဆ) ဥပဒေပညာ
(ဇ) အရှေ့တိုင်းပညာ
(ဈ) နိုင်ငံတကာဆက်ဆံရေးပညာ
(ည) မနုဿဗေဒ
(ဋ) ရှေးဟောင်းသုတေသနပညာ
(ဌ) စာကြည့်တိုက်နှင့်သုတပညာ
(ဍ) ဓာတုဗေဒ
(ဎ) ရူပဗေဒ
(ဏ) သင်္ချာ
(တ) သတ္တဗေဒ
(ထ) ရုက္ခဗေဒ
(ဒ) ဘူမိဗေဒ
(ဓ) ကုန်ထုတ်ဓာတုဗေဒ
(န) ကွန်ပျူတာသိပ္ပံပညာ
(ပ) အဏုဇီဝဗေဒ

၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်တွင် အသက် ၃၀ထက်မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာ သုံးနာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူးတွင် လုပ်သက်တစ်နှစ်အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများမဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူ ရာထူးတွင် လုပ်သက် နှစ်နှစ်အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) **ပါရဂူကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်တစ်နှစ်တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။**

အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာသုံးနာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့် အဆင့်တူ ရာထူးတွင် လုပ်သက် နှစ်နှစ်အနည်းဆုံးရှိရမည်။
(၄) **ပါရဂူကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် တစ်နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။**

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ သုံးမျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၅-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၁၈-၅-၂၀၁၃ရက်(စနေနေ့) ၉း၀၀နာရီမှ ၁၂း၀၀နာရီ သက်ဆိုင်ရာဘာသာရပ်
(ခ) ၁၉-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့) ၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၃၀-၅-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မော်ကွန်းထိန်း ဖုန်း-၅၃၄၀၉၈၊ ၅၃၄၃၉၀ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)
ရန်ကုန်တက္ကသိုလ်

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ခ)ရပ်ကွက်၊ တာမွေလမ်း၊ တာမွေစာတိုက်ရှေ့၊ တိုက်အမှတ် ၁၀၀၊ အခန်းအမှတ် ၃နေ ဒေါ်ထက်ထက်လွင် ၁၃/တကန(နိုင်)၂၄၆၁၁၂ သည် HTET MOBILE အမည်ဖြင့် တယ်လီဖုန်းအမျိုးမျိုးပြုပြင်ရောင်းဝယ်ရေးလုပ်ငန်းအား (၂၀၀၉/၂၀၁၀)ခုနှစ်ကတည်းက ယနေ့တိုင် ဈေးကွက်အတွင်း ကောင်းသောဂုဏ်သတင်းဖြင့် ရပ်တည်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဒေါ်ထက်ထက်လွင် ၁၃/တကန(နိုင်)၂၄၆၁၁၂ အနေဖြင့် အောက်ဖော်ပြပါဆိုင်ခွဲများအား အောင်မြင်စွာ ဖွင့်လှစ်လုပ်ကိုင်နိုင်ခဲ့ပါသည်။

(၁) တိုက်အမှတ် ၁၀၀၊ အခန်း ၃၊ တာမွေလမ်း၊ တာမွေကြီး (က+ခ)ရပ်ကွက်၊ တာမွေစာတိုက်ရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
(၂) တိုက်အမှတ် ၁၄၄၊ စမ်းချောင်း၊ ဗားကရာလမ်း၊ ရှမ်းလမ်း၊ ကားမှတ်တိုင်ရှေ့၊ စမ်းချောင်းမြို့နယ်။
(၃) တိုက်အမှတ် (၆၂/၆၃)၊ မြေညီထပ်(ညာ)၊ လေးဒေါင့်ကန်လမ်းမကြီး၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

မှလွဲ၍ အခြားမည်သည့်နေရာတွင်မျှ ဖွင့်လှစ်ရောင်းချခြင်းမရှိကြောင်းနှင့် ဆင်တူယိုးမှား ဆိုင်အမည်များဖြင့် ဖွင့်လှစ်ရောင်းချနေကြောင်း စုံစမ်းသိရှိရပါသဖြင့် သုံးစွဲသူမိတ်ဆွေများအနေဖြင့် အထူးသတိပြုဝယ်ယူကြပါရန် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် ဆိုင်ဖွင့်လှစ် ရောင်းချနေသူများအနေဖြင့် ရပ်တန်းက ရပ်ဆိုင်း၍ အမည်ပြောင်းလဲဖွင့်လှစ်ပါရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး — **အထက်တန်းရှေ့နေ (စဉ်-၃၂၃၅)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

၁၂/လကန(နိုင်)၂၀၅၈၁၃ ကိုင်ဆောင်သူ မောင်ဝင်းမြင့်(ခ)မောင်ထက်အောင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ဝင်းမြင့်(ခ)မောင်ထက်အောင်ဇော်

အမည်ပြောင်း

ဦးကျော်မျိုးထွန်း ၇/လပတ(နိုင်)၀၇၆၈၀၂၏သား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁) စတုတ္ထတန်းမှ မောင်ဝင်းမော်ဦးအား မောင်ပိုင်သီဟဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ပိုင်သီဟဖြိုး**

အမည်ပြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ အထက(၁)ဒဂုံ ဒုတိယတန်းမှ **မောင်တင်အောင်ဟိန်းအား မောင်စည်သူတင်ဟု** ပြောင်းလဲခေါ်ဆိုပါရန်နှင့် Horizon Grade I မှ **မောင်တင်အောင်ဟန်အား မောင်တင်ထွဋ်ခေါင်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ရောင်းမည်/ ကားနှင့်လဲမည်

မြေတူးစက်- KOMATSU-PC 200-D-5
မြေထိုးစက်- KOMATSU-D-60-3
မြေထိုးစက်- KOMATSU-D-40

ဖုန်း-၀၉-၄၄၄၀၄၁၈၈၄၊
၀၉-၄၇၀၆၃၃၄၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အမှတ် ၁၀၂/က နေ ဦးညွှန့်တင်-ဒေါ်ထွန်းတို့၏သား မောင်ညွှန့်အောင်(ခ)ခင်မောင်သန်းMMO-၃၁၇၄၃၁သည် မိဘစကားကိုနားမထောင်ဘဲ ဆိုဆုံးမမှုကိုမနာခံသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးညွှန့်တင် ၉/မမန(နိုင်)၀၂၉၆၇၉
ဒေါ်ထွန်း ၉/မမန(နိုင်)၀၂၉၆၇၇

ပြည်တွင်းသတင်း

မော်လမြိုင်မြို့ရှိ ကရုဏာစမ်းရေအဖွဲ့၏ တစ်နှစ်ပြည့်အထိမ်းအမှတ် လူနာတင်ယာဉ်တစ်စီးနှင့် ဆေးရုံသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲကျင်းပ

မော်လမြိုင် မေ ၄

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တည်ထောင်ထားသော ဆင်းရဲနွမ်းပါးသူများ၏ ကျန်းမာရေးစောင့်ရှောက်ရန် ကူညီထောက်ပံ့ရေးအဖွဲ့ (ကရုဏာစမ်းရေ)၏ တစ်နှစ်ပြည့်အထိမ်းအမှတ်နှင့် အရေးပေါ်လူနာတင်ယာဉ်တစ်စီး၊ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၈ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရုဏာစမ်းရေအဖွဲ့နာယကများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အလှူရှင်များ၊ မွန်ပြည်နယ် ဆေးရုံကြီးကြပ်ရေးကော်မတီဝင်များ၊ ဆေးရုံအုပ်ကြီး အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ဥက္ကဋ္ဌဒေါက်တာစံဖေက မော်လမြိုင်မြို့နယ်တွင် ကရုဏာစမ်းရေအဖွဲ့ ဖြစ်ပေါ်လာပုံနှင့် မွန်ပြည်နယ်ဆေးရုံကြီးကြပ်မှုကော်မတီတို့နှင့် ညှိနှိုင်းဆောင်ရွက်ချက်အရ မော်လမြိုင်မြို့နယ် ဆေးရုံ တက်ရောက်ကုသမှုခံယူလျက်ရှိသော ဆင်းရဲနွမ်းပါးသည့် လူနာများအား ထောက်ပံ့လှူဒါန်းရခြင်းတို့ကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ဘဏ္ဍာရေးမှူး ဦးမင်းသိန်းမြင့်က တစ်နှစ်တာ ထောက်ပံ့လှူဒါန်းမှုနှင့် အဖွဲ့ဝင်များထံ ကောက်ခံရရှိမှု၊ သုံးစွဲမှုငွေကြေးရှင်းတမ်းများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ပေးအပ်

ဆက်လက်၍ အလှူရှင် မော်လမြိုင်မြို့နယ် ဦးလှထွန်း၊ ဒေါ်တင်လှ မိသားစုက လူနာတင်ယာဉ်တစ်စီးကိုလည်းကောင်း၊ အလှူရှင်များ လှူဒါန်းခဲ့သော ဆေးရုံသုံးပစ္စည်းများဖြစ်သော ECG စက်နှစ်လုံး တန်ဖိုးငွေကျပ် ၂၇၃၄၂၀၀၊ အောက်ဆီဂျင်ရှူသည့် စက်တစ်လုံး တန်ဖိုးငွေကျပ် ၄၈၀၀၀၀၊ ECG စက်+အောက်ဆီဂျင်စက်နှင့်တွဲသုံးရန် မီးအားမြင့်စက်သုံးလုံး တန်ဖိုးငွေကျပ် ၁၃၉၅၀၀၊ စတီးလူနာတင် တွန်းလှည်းလေးစီး တန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၊ ဆေးတင်သည့် စတီးတွန်းလှည်း ခုနစ်စီး တန်ဖိုးငွေကျပ် ၆၄၄၀၀၀၊ အောက်ဆီဂျင်ရှူသည့်ပိုက် အချောင်း ၂၀၀ တန်ဖိုးငွေကျပ် ၅၅၀၀၀၊ မြွေဆိပ်ဖြေဆေး ၁၂၂ လုံး အတွက် တန်ဖိုးငွေကျပ် ၁၉၂၇၆၀၀၊ ECG စက်တင်ရန် စတီး Stand နှစ်ခု တန်ဖိုးငွေကျပ် ၈၄၀၀၀၊ အရေးပေါ်လူနာခန်း၌သုံးရန် ခုတင်ခုနစ်လုံး+အစွပ်ချုပ်ခ တန်ဖိုးငွေပေါင်း ၁၅၄၀၀၀၀၊ လူနာတင်စတီးတွန်းလှည်း သုံးစီး တန်ဖိုးငွေကျပ် ၆၆၃၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ် မော်လမြိုင်အထွေထွေရောဂါကုဆေးရုံ၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးတို့က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

လှူဒါန်းခဲ့

ကရုဏာစမ်းရေအဖွဲ့၏ တစ်နှစ်တာ ကာလအတွင်း ဆင်းရဲနွမ်းပါးမှု လူနာပေါင်း ၁၄၁၃ ဦးတို့ကို ဆေးဝါးများကုသပြီး ယနေ့အထိ ထောက်ပံ့လှူဒါန်းငွေကျပ် ၄၆၁၂၉၈၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ဆက်သွယ်ရေးနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး Intel နှင့် ကွန်ပျူတာအသင်းချုပ်ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် မေ ၄

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာသင်ကြားရေးတွင် နည်းပညာအသုံးချမှု မြှင့်တင်ရေးအတွက် Intel နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) တို့ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် ဇွန်လတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် World Economic Forum သို့ Intel's World Ahead ၏ အကြီးအကဲဖြစ်သူ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

ဧပြီ ၂၉ ရက် နံနက်က ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအိုင်စီတီပတ်ခ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် MCF & Intel's World Learning ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) ဥက္ကဋ္ဌ ဦးခွန်ဦးက ကမ္ဘာ့အကြီးဆုံး နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Intel က မြန်မာနိုင်ငံသို့ စိတ်ဝင်တစား လာရောက်လေ့လာပြီး ကူညီပံ့ပိုးမည်ဖြစ်၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသွားသည်။

တွေ့ဆုံပွဲသို့ Intel ရုံးချုပ်မှ Chief Strategist နှင့် Intel World Ahead, Director of Architecture ဖြစ်သူ Mr.Chris S.Thomas နှင့် Senior Solutions Architect, Mr. Bernd Nordhausen နှင့် USAID မှ တာဝန်ရှိသူတစ်ဦး တက်ရောက်ပြီး မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် MCF မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ) အောင်သူရ**

မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သန့်ရှင်းရေး လုပ်အားပေး

ဖျာပုံ မေ ၄

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မေ ၁ ရက်က ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာတွင် ခရိုင်မီးသတ်ဦးစီးအရာရှိနှင့် ဘိုးဘွားရိပ်သာ တာဝန်ရှိသူများဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အင်အား ၁၀၀ ကျော်ဖြင့် အဘိုး၊ အဘွားအဆောင်များကို ရေမြောင်းများဆည်ဖို့ခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြသည်။

ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာနေ အဘိုးတစ်ဦးက "အခုလို မီးသတ်တပ်ဖွဲ့ဝင်တွေ လာရောက်ပြီး တစ်ကိုယ်ရေကျန်းမာရေးဆောင်ရွက်၊ အဆောင်အတွင်းအပြင်သန့်ရှင်းရေးများပါ လုပ်ဆောင်ပေးတဲ့အတွက် ကိုယ်တိုင်မလုပ်နိုင်တဲ့အလုပ်တွေကို ကူညီပေးခဲ့လို့ မီးသတ်တပ်ဖွဲ့ဝင်တွေကို အလွန်ကျေးဇူးတင်ပါတယ်" ဟု ပြောပြသည်။

ချမ်းသာ

မီးဘေးရှောင် မလောင်ခင်တား

"ပညာရေး ပြုပြင်ပြောင်းလဲမှု မလုပ်လျှင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ရှေ့ဆက်နိုင်မည် မဟုတ်ပါ။"
ဒေါက်တာသိန်းလွင် NLD ပညာရေးကွန်ယက်
မြန်မာနိုင်ငံပညာရေး နှင့် ဒီမိုကရေစီ — လူထုအိတ်ဆောင် (၅)
၂၁ ရာစု ပညာရေး — လူထုအိတ်ဆောင် (၆)
အမှတ် ၁၆၇ (မြေညီ)၊ ၃၅လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း ၀၁ ၃၇၇၀၆၁

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ယဉ်ဝေလွင် (ဆရာဦးစိန်နီ ဆေးတိုက်နှင့် ဆရာဦးစိန်နီ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်း၊ ပြည်မြို့)အား ၂၀-၃-၂၀၁၃ ရက်တွင် အိန္ဒိယနိုင်ငံ Kolkata (I.B.A.M) မှ Ph.D (A.M) ဘွဲ့ချီးမြှင့်ခြင်းခံရသည့်အတွက် လိုက်လံ့ချာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယခုထက်ပို၍ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ
အထက(၁) ပြည်မြို့

အမည်ပြောင်း

အထက(၁)ဒဂုံ၊ ဒုတိယတန်း(B)မှ ဦးကျော်ကျော်ခိုင်၏သမီး မရွှေစင်ဦးအား မသက်ထားဦးဟု ပြောင်းလဲခေါ်ပါရန်။

မသက်ထားဦး

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၅)၊ အဋ္ဌမတန်း(A)မှ မခေါန်ထွယ်၏ ဖခင်အမည်မှန်မှာ ဦးဆီးမွန် ၁/ဝမန(နိုင်)၀၈၄၃၄၃ ဖြစ်ပါသည်။

အမည်မှန်

ဦးဆီးမွန်၏သမီး ဝိုင်းမော်မြို့နယ်၊ မိုင်နား(မခေါဒီ)ကျေးရွာမှ မခေါန်ထွဲ၏ အမည်မှန်မှာ မခေါန်ထွယ် ဖြစ်ပါသည်။

မခေါန်ထွယ်

မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ နဝမတန်း(C_1)မှ မောင်စန်းယုဦး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၆-၁-၁၉၉၈ ဖြစ်ပါသည်။

အမည်မှန်

ဦးမရစ်မျိုးအောင်၏သမီး ဝိုင်းမော်မြို့နယ်၊ အလက-အောင်မြေ(၁) အဋ္ဌမတန်း(A)မှ မဂျုံးနော၏ အမည်မှန်မှာ မခေါန်လှိုင်ဖြစ်ပါသည်။

မခေါန်လှိုင်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၆၅၇ အမည်ပေါက် ဒေါ်သန်းညွန့် ၁၄/ညတန(နိုင်)၀၈၆၂၀၃ က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ဒီ၊ မြေကွက်အမှတ် V၂၇၁၊ မြေကွက်တည်နေရာအမှတ် ၂၈၊ ဆဒ္ဒန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ဒေါ်အုံးစိန်၊ဒေါ်တင်စိန်၊ ဒေါ်အေးသီ အမည်ပေါက် နှစ် ၉၀မြေငှားဂရန်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ တရားမကြီးမှုအမှတ် ၇၃၄/၂၀၀၆၊ ဇာရီမှုအမှတ် ၆၆/၂၀၁၁၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုရောင်းကြောင်းလက်မှတ်စာ၊ ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာတို့ကိုတင်ပြ၍ ဦးခွေးဖြူ ၆/မအရ(နိုင်)၀၈၃၆၁၁က ဂရန်မိတ္တူနှင့်အမည်ပြောင်း လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အထက (၁) နဝမတန်းအောင်မြင်ခဲ့သော မတင်တင်စန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ဖြစ်ပါကြောင်း။

ဦးထွန်းဝင်း ၈/မကန(နိုင်)၀၂၀၇၉၀

အလိုရှိသည်

(၁) အထည်ချုပ်စက်ရုံ လုပ်ငန်းကျွမ်းကျင် Marchantdiser (၁)ဦး (Korea/ English ကျွမ်းကျင်သူဦးစားပေးပါမည်။)
(၂) ကွန်ပျူတာကျွမ်းကျင်ဘွဲ့ရရုံးစာရေး (မ)(၂)ဦး
(၃) ယာဉ်မောင်း (ကျား)(၂)ဦး

ဖုန်း-၀၉-၅၁၁၈၇၁၄၊ ၀၉-၄၂၀၀၃၉၂၇၇

ကျေးဇူးဆပ်ပါမည်

စိန်ကောင်းရတနာရောင်းဝယ်ရေးကုမ္ပဏီ (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၄၁/၂၀၀၅-၂၀၀၆)နှင့် စိန်ကောင်းရတနာကျောက်မျက်ကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၈၁၄/၂၀၁၀-၂၀၁၁)တို့အတွက် Form 6/26 နှင့် Form, E တို့ ပါဝင်သော ဖိုင်များ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၆၂၄၈၂၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၁၀၇၃၊ ဟွန်ဒါဝေ့(ဖ်) NF 125M ယာဉ်လက်ဝယ်ရှိသူ ဦးရီလင်း ၁၀/မလမ(နိုင်)၀၃၆၉၄၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးခင်မောင်ရွှေ-ဒေါ်ခင်မျိုးအေးတို့၏သမီး မယမင်းရွှေ ၇/ပမန(နိုင်)၁၁၆၅၇၅ သည် မိဘနှစ်ပါးတို့၏ ပြောဆိုဆုံးမမှုအား နာခံခြင်းမရှိပါသဖြင့် ၂-၅-၂၀၁၃ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာကိစ္စကိုမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ရွှေ ၇/ပခတ(နိုင်)၀၂၀၃၂၈
ဒေါ်ခင်မျိုးအေး ၇/ပခတ(နိုင်)၀၂၀၃၂၉**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၂၄၇၃ Shine MPV M/B ယာဉ်လက်ဝယ်ရှိသူ Mediterranean International Education Services Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဧ/၃၄၈၁၊ TOE SUPER LIGHT TRUCK P/U ယာဉ်လက်ဝယ်ရှိသူ ဦးဗိုလ်ဇင် ၁၂/ဒဂတ (နိုင်) ၀၅၆၄၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အရှေ့ပိုင်း)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်အောင်ဇော်မင်း ၁၂/လမန(နိုင်) ၁၀၉၇၆၇ သည် မိဘတို့၏ စကားကို နားမထောင်ဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်နေပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်ကို လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသိန်းနီ
၁၂/လမန(နိုင်)၁၁၂၅၅၇
ဒေါ်ခင်ရွှေ
၁၂/လမန(နိုင်)၀၆၃၃၇၇**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၂၄၇၄ Shine MPV M/B ယာဉ်လက်ဝယ်ရှိသူ Mediterranean International Education Services Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့**

နှစ်ဦးသဘောတူအကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ကိုကျော်ကျော်လင်း (ဘ)ဦးထွန်းအင် ၆/မအရ(နိုင်) ၁၀၃၃၃၂ နှင့် မအေးအေးသွယ် (ဘ)ဦးရွှေခိုင်၆/မမန(နိုင်)၁၅၂၇၂၆ တို့သည် ၂၉-၄-၂၀၁၃ရက်တွင် မြိတ်ခရိုင်တရားရုံးတော်၌ အကြင်လင်မယားအဖြစ်မှနှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

ကိုကျော်ကျော်လင်း

လူပျောက်ကြော်ငြာ



နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဥယျာဉ်စုရပ်ကွက်၊ ပေါင်းလောင်း ၂ လမ်းထိပ်၊ အိမ်အမှတ် ၁/၃၀၁ နေ ဒေါ်အေးမာလာသန်း၏သမီး မအေးအားမာန်သည် ၂၁-၁၁-၂၀၁၂ ရက်တွင် ကျောင်းသို့သွားစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မိခင်-ဒေါ်အေးမာလာသန်း
ဖုန်း-၀၉-၄၂၀၇၇၄၄၀၉**

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်သူများအသင်း ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲဖွဲ့စည်း

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ ပြန်လည်ရွေးချယ်တင်မြှောက် ဖွဲ့စည်းခြင်းကို ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်တို့က အမှာစကားပြောကြားသည်။ ၂၀၁၃-၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲအတွက် အလုပ်အမှုဆောင်နှင့် အမှုဆောင် ၃၀ ကို အများသဘောဆန္ဒအရ ပြန်လည်၍ မဲဆန္ဒပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌအဖြစ် ဦးဝေယံတင့်ဆန်း(သန်လျင်)၊ အတွင်းရေးမှူးအဖြစ် ဦးချစ်ကိုကို (သုံးခွ)နှင့်အလုပ်အမှုဆောင်များကို ရွေးချယ်တင်မြှောက်လိုက်ကြသည်။ **(အောက်ပုံ)** ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စိုက်ပျိုးထုတ်လုပ်သည့် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံအရှေ့မြို့နယ်များ အပါအဝင် မြို့နယ် ၁၅ မြို့နယ်ဖြစ်သည်။ **သန်းဝင်း(သန်လျင်)**

ရေအခက်အခဲ ကြုံးစားဖြေရှင်းနေရသည့် မြင့်ဂါသစ်ကျေးရွာ

ပေါက်တော မေ ၄

ပေါက်တောမြို့နယ်၏ တောင်ဘက် အလယ်ဖရုံကာကျွန်း၏ ကျွန်းဦးရွာဖြစ်သော မြင့်ဂါသစ်ကျေးရွာသည် အထက (ခွဲ)နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့တည်ရှိသော အချက်အချာကျနေရာတစ်ခုဖြစ်ပါသည်။

မြင့်ဂါသစ်ရွာ၌ ရေအခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရသည်။ ရွာသူရွာသားများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး ရေဒုက္ခမှ မလွတ်မြောက်နိုင်၊ ရုန်းကန်နေရဆဲ၊ ကြိုးစားနေရဆဲပင်ဖြစ်သည်။ ယခင်ရေကန်ဟောင်းကရေမလုံခြင်းကြောင့် ရေကန်သစ်တစ်ကန်တူးဖော်နေရပြီး**(အပေါ်ပုံ)** ယခုအခါ ပြီးစီးလုနီးပါးရှိနေပြီဖြစ်သည်။

"ကျွန်တော်တို့ရွာမှာ နှစ်စဉ် ရေအခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ လူဦးရေတိုးတက်လာမှု၊ ဆရာဆရာမ အင်အား၊ ကျောင်းသား ကျောင်းသူအင်အား တိုးတက်လာမှုတွေကြောင့် ရှိနေတဲ့ရေကန်နဲ့ မလုံလောက်လို့ အထက(ခွဲ)အနီးမှာ အခုကန်သစ်တစ်ကန် တူးဖော်တာပါ။ ရွာသူရွာသားတွေ ကာယဒါနနဲ့ ရပ်နီးရပ်ဝေးမှ စေတနာရှင်များရဲ့ အလှူငွေတွေနဲ့ တူးဖော်တာပါ။ ကန်ပြီးသွားပေမယ့် အဓိကလိုအပ်နေတာကတော့ ဝင်းခြံပါ။ ဒီဝင်းခြံ ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ရင်တော့ ပိုကောင်းမှာပေါ့။ သက်ဆိုင်တဲ့ လူကြီးတွေကို ကူညီပေးဖို့အတွက်အသိပေးပါတယ်" ဟု မြင့်ဂါသစ်ကျေးရွာမှ ရာအိမ်မှူး ဦးရွှေမောင်က ပြောကြားသည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်လျက်ရှိရာ မြင့်ဂါသစ်ကျေးရွာသည်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေပါကြောင်း သိရသည်။ **ကိုကြီးစော**

ဆင်ဘိုမြို့၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ဆင်ဘို မေ ၄

မြစ်ကြီးနားခရိုင်၊ ဆင်ဘိုမြို့နယ်ခွဲ၌ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီလ ၂၆ ရက် နံနက် ၉ နာရီက ဆင်ဘိုမြို့ ဒက္ခိဏာရာမကျောင်းတိုက်၌ စတင်ဖွင့်လှစ်ခဲ့သည်။ ထိုအခမ်းအနားတွင် ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဦးဝိဇယနှင့် မြစ်ကြီးနားမြို့ အောင်နန်းဥူးစက္ကပါလ (မျိုးဆက်သစ်) တို့ထံမှ ဩဝါဒခံယူပြီး ဆင်ဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးဦးဝင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဆင်ဘိုမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာဒေသများမှ သင်တန်းသား သင်တန်းသူ ၂၅၀ တက်ရောက်ခဲ့ကြပြီး မံကင်းကျေးရွာနှင့် ပင်တော်ကျေးရွာများ၌လည်း ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **မိုးယံကျ(မြစ်ကြီးနား)**

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)
Htoo Construction Developmet Group Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

- Male/Female (5) Post
- LL.B (Law)/ LL.M (Law)
- English (4) Skills ကျွမ်းကျင်ရမည်။
- Computer Application ကျွမ်းကျင်ရမည်။
- Email, Internet ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်
- ဥပဒေလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

* လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အထောက်အထားများနှင့်တကွ (၁၁-၅-၂၀၁၃) ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - 01-655308/ 01-655309

၂၆-၈-၁၉၈၈ ရက်နေ့ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်လှေကား အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း အပြည့်အစုံနှင့်အတူ -
၈၈၈၈
ဒီမိုကရေစီအရေးတော်ပုံမှတ်တမ်း
မောင်ခိုင်ခန့် (အမျိုးသားစာပေဆု)
ထွက်ပြီ
နိုင်ငံတကာစာအုပ်မှတ်ပုံတင်အမှတ် - ISBN 978-99971-0-025-2

သန့်စင်ပြီး / အရောင်ရှိ
မြတ်ချမ်း
01-512443
09-73017656
31000 Ks
27500 Ks
20000 Ks

အမည်မှန်

သရက်ခရိုင်၊ အောင်လံမြို့နယ်၊ စမ်းချောင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ၁၆ လမ်းနှင့် ၁၇ လမ်းကြားနေ ဦးဇော်လင်း(ခ)ဦးအောင်ဇော်လင်း ၈/အလန(နိုင်)၁၃၁၂၄၆၏သမီး မခိုင်မို့မို့ငြိမ်းမှာ မခိုင်မို့မို့ညိမ်းဖြစ်ပါသည်။
မခိုင်မို့မို့ညိမ်း ၈/အလန(နိုင်)၁၈၄၈၂၀

မိဘအမည်မှန်

ကော့ကရိတ်မြို့ အထကခွဲ ချောင်းတောင် နဝမတန်း(အောင်)မှ နော်ဆာစေးဖော၏ မိဘအမည်မှန်မှာ ဦးတာလားနှင့် ဒေါ်ဒေစီဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အရှေ့၊ မြေကွက်အမှတ် ၈၅၁/က၊ မြေကွက်တည်နေရာအမှတ် ၈၅၁၊ ဝေဇယန္တာ ၁၆ လမ်း အရှေ့၊ ၆ ရပ်ကွက်၊ သာကေတမြို့နယ် ဦးရန်အေး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးရန်အေး (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သန်းမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၆/၁၃ ရရှိသူ ဦးအေးမြင့် ၁၂/လမန(နိုင်)၀၁၈၅၃၅က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးအောင်စိုးဦး WIPO DL 101 နှင့် အဆင့်မြင့်သင်တန်းများ
ဦးကျူးခေါင် မေ ၁၁ ရက်နေ့စပြီ
(ဧပြီသင်တန်း၌ သင်တန်းသားအားလုံး အမှတ် ၉၀ နှင့် အမှတ်ပြည့် ၁၀၀/၁၀၀ (၃)ဦး
ACE TOP ACADEMY ၂၄၅(ပထမထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ထိပ်တန်းပညာ့ဗိမာန် ဖုန်း-၀၉-၇၃၂၂၄၁၄၃၊ ၀၁-၂၄၃၃၆၃

ဦးအောင်စိုးဦး TRADEMARK သင်တန်း
ဦးကျူးခေါင် အိမ်ခြံမြေသင်တန်း
စာချုပ်စာတမ်းလက်တွေ့သင်တန်း
ကုမ္ပဏီနှင့်စီးပွားရေးဥပဒေသင်တန်း
မေ ၁၁ ရက် စပြီ
ACE TOP ACADEMY ၂၄၅(ပထမထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ထိပ်တန်းပညာ့ဗိမာန် ဖုန်း-၀၉-၇၃၂၂၄၁၄၃၊ ၀၁-၂၄၃၃၆၃

ကျော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်အိ

အသက်(၇၉)နှစ်

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ဒေါ်ဥမ္မာမြင့်တို့၏ မိခင် ဒေါ်တင်အိသည် ၃-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၃နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ပညာရေးဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)

ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး

အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ခိုင်ဝင်း(ဒုတိယဗိုလ်မှူးကြီး(ငြိမ်း))သာသနာ့ အကျိုးဆောင်ရွက်နေသော သားကောင်းရတနာသည် ၃၀-၄-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ လွန်စွာဝမ်းနည်းကြေကွဲရပါသည်။

ဦးစိန်မောင်

(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)

ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး

အသက်(၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ခိုင်ဝင်း(ဒုတိယဗိုလ်မှူးကြီး(ငြိမ်း))သာသနာ့ အကျိုးဆောင်ရွက်နေသော သားကောင်းရတနာသည် ၃၀-၄-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ လွန်စွာဝမ်းနည်းကြေကွဲရပါသည်။

ဦးအုန်းကြိုင်၊ ဦးမိုးခိုင်

သာသနာ့အကျိုးဆောင်အဖွဲ့၊ အောင်မြေဘုံယံမေရှိပ်သာ၊ တောင်ပေါ်ကျောင်းတိုက်၊ မော်ဘီမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ(B-6)နေ ဖြေယျကျော်ထင် ဗိုလ်မှူးကြီးတင်သိန်း(နိုင်ငံတော်ကောင်စီဝင်၊ ငြိမ်း)၏ဇနီး၊ ဦးသက်တင်ဝင်း (Managing Director) Moon Ray Co., Ltd.-ဒေါက်တာခင်နီလာအေး (Director) Moon Ray Co., Ltd. တို့၏အတွက် မိခင် ဒေါ်ခင်ခင်သည် ၁-၅-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Moon Ray Co.,Ltd. ဝန်ထမ်းမိသားစုများ

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူးကျော်ဇောဝင်း

(DSA-41)

ကျေးဇူးရှင်ချစ်ဖေဖေ မိသားစုနှင့် ခွဲခွာသွားတာ ၅-၅-၂၀၂၃ရက်တွင် တစ်နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ကျေးဇူးရှင်ဖေဖေအောင်မြင်မှုနောက်ကွယ်တွင် ရှိခဲ့သည့် ဖေဖေ ကောင်းမှုအစုစုတို့ကို ရောက်ရှိရာ ဘုံဘဝမှ သာဓုခေါ်ဆိုပါ။

ချစ်ဖေဖေရေ အမျှ-အမျှ-အမျှ ယူတော်မူပါ။

ချစ်ဇနီး - ဒေါ်သင်းသင်းလွင်

သား - မင်းခန့်ကျော်၊ ဝေယံဘုန်းမြတ်

ဒေါ်ခင်ကျော့စိန် B.A (Geography)

သ/မဥ္စီးစီး(ငြိမ်း)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ တိုက် ၂၃၊ အခန်း ၂၈ (ဦးကျော်ဖေ-ဒေါ်စိန်စိန်)တို့၏သမီး၊ (ဦးစိန်ဘို-ဒေါ်သိန်းသိန်း)တို့၏သမီးချွေး၊ ဦးအောင်ဇေယျထွန်း(စက်မှုကြေ/မြေငြိမ်း) MGS (Food) Co., Ltd.၏ဇနီး၊ ကိုဗိုး လင်း(ထွန်း) (Chatrium Hotel)၊ ကိုအောင်ကျော်မိုး(Daewoo E & P)တို့၏မိခင်၊ ဦးသိန်းဇံ-ဒေါ်ယဉ်ယဉ်လှတို့၏အစ်မသည် ၄-၅-၂၀၂၃ရက်(ကြာသပတေးနေ့)နံနက် ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကင်းမြို့နယ်နေအိမ်မှကားများနံနက်၉း၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသံချောင်း (တိုက်ကြီး)

မိသားစု ကြက်မွေးမြူရေးနှင့် ကြက်သားဖောက်လုပ်ငန်း(အင်းစိန်)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၂၃၊ လှိုင်မြစ်လမ်းကွက်သစ်ရပ်ကွက်နေ ဦးသံချောင်းသည် ၂-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒ အရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါ ကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)တွင် အမှတ် ၂၃၊ လှိုင်မြစ်လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန် (သန့်စင်စက်ဘို)သို့ နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးမိုးသော်(ခ)
ဦးသော်ကြီး

(စိန့်ပွန်းကျောင်းသားဟောင်း)

B.Sc (Physics)

အသက်(၅၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် အမှတ် ၅၅/၈၊ ပြည်သာယာလမ်းသွယ် (၃)၊ ၈/မြောက်နေ (ဦးလှသန်း-ဒေါ်မြသွင်)တို့၏ဒုတိယသား၊ (ဦးစိုးမိုးဇော်-ဒေါ်နှင်းနုဝင်း)တို့၏ညီ၊ (ဦးစိုးမိုးကျော်)၊ ဦးကြည်သောင်း - ဒေါ်ခင်မိုးသူတို့ အစ်ကို၊ တူ၊ တူမ လေးယောက်တို့၏ ဦးလေးသည် ၃-၅-၂၀၂၃ရက် (သောကြာနေ့)နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (ရန်ကင်း၊ ကန်ဘဲ့ဘုရားလမ်းနှင့် သဃ်န်းကျွန်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဝါးခယ်မမြို့မဟာစည်သာသနာ့ရိပ်သာဆွမ်းစားကျောင်းဒါယိကာမကြီး

ဒေါ်ကြည်စိန်

အသက်(၈၆)နှစ်

ဝါးခယ်မမြို့၊ အမှတ် ၆၃၊ မြို့ရှဲလမ်း၊ စာရေးကုန်းနေ ဦးထွန်းလှ-ဒေါ် စောမြတို့၏သမီး၊ (ဦးကျော်မြင့်)၏ဇနီး၊ ဦးဝင်းနိုင်၊ ဒေါ်အေးအေးသန်း၊ ဦးစိုး သိန်း၊ ဒေါ်ခင်ဆွေမြင့်၊ (ဦးဥတ္တမကျော်)၊ ဒေါ်ခင်စမ်းဝင်း(ဦးစိုးသိမ်း)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးမြင့်သန်း-ဒေါ်သီတာမြင့်၊ ဒေါ်နီလာမြင့်တို့၏မိခင်၊ ဦးအုန်းရွှေ-ဒေါ်ခိုင်ဝင်း သူ၊ ဦးခင်မောင်ဦး-ဒေါ်ဖြူနွယ်ဝင်း၊ ဦးမင်းသန့်-ဒေါ်သန္တာလင်း၊ ဒေါ်ယဉ်မျိုး သိန်း၊ ဒေါ်ဆွေဇင်မြင့်၊ ဦးဇေကဘုတ်ကျော်-ဒေါ်ခိုင်နွယ်မျိုးအောင်၊ ဗိုလ်မှူး ကျော်ဇွာဘုတ်ကျော်-ဒေါ်ခိုင်ဇင်ယု၊ ဒေါ်အေးငြိမ်းသူ၊ ဒေါ်သန့်ဇင်သူ၊ ဦးကျော် ဘုတ်၊ ဦးမျိုးမင်းသိန်း-ဒေါ်နှိုင်နိုင်ကို၊ ဗိုလ်ကြီးဝေဖြိုး၊ ဦးအောင်ဇော်မင်း၊ ဒေါ် သန္တာကြူ၊ ဦးသန်းထိုက်အောင်-ဒေါ်မျိုးပပ၊ မအေးအေးခိုင်တို့၏အဘွား၊ မြစ် ရှစ်ယောက်တို့၏ဘွားအေးသည် ၃-၅-၂၀၂၃ရက်(သောကြာနေ့)နံနက် ၆း၃၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဝါးခယ်မမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ

အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (KSM, ATM စစ်ကဲကြီး ဦးဘ-ဒေါ်ဒေါ်ဖွား)၊ သထုံမြို့နေ (ရှေ့နေကြီး ဦးဖိုးကျင်-ဒေါ်မမကြီး)တို့၏မြေး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ် (၃)ရပ်ကွက်၊ ဘုံခြံလမ်း၊ အမှတ် ၆၀၉နေ [ဗိုလ်မှူးကြီးညွန့်ဟန်(ငြိမ်း)]၏ဇနီး၊ ဒေါက်တာပြည့်ဖြိုးမောင်၊ ဒေါက်တာထူးအောင်၊ မောင်သီရိအောင် B.E (IT)၊ မောင်စိုးလင်းရှိန်၊ မောင်ရဲလင်းသူ၊ မဖြူနှင်းဟန်တို့၏အဘွားသည် ၃-၅-၂၀၂၃ရက် (သောကြာနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများပေါင်းအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးသန့်အောင်

စုံစမ်းရေးမှူး(ငြိမ်း)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

အသက်(၄၈)နှစ်

သူငယ်ချင်း စိုးသန့်အောင်သည် ၃-၅-၂၀၂၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်းနှင့် သူငယ်ချင်း ကောင်းရာသုဂတိဘဝသို့ ရောက်ရှိစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးစီးအရာရှိ(စုံစမ်းရေး) ယဉ်ကျော်မိုး၊ စိုးနိုင်

စုံစမ်းရေးမှူး အောင်သွင်၊ ထွန်းထွန်းဦး၊ စန်းဝင်းမြင့်

ဗလ(၅၉)နှင့် ဒုတိယစုံစမ်းရေးမှူးသင်တန်းအပတ်စဉ်(၂) သင်တန်းဆင်းသူငယ်ချင်းများ

